မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၀၅)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်   ၂၀၁၄ ခုနှစ်၊ ‌မေ ၂၈ ရက်၊ တနင်္လာနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

နဝမအကြိမ်မြောက် အရှေ့တောင်အာရှလူငယ် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နဝမအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ‌မေ ၂၇

နဝမအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ အာရှပြေးခုန်ပစ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr.SURAPONG Ariyamongkol က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအားကစားပွဲသည် မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြီးနောက် ကျင်းပသည့် ပထမဆုံး နိုင်ငံတကာအားကစားပြိုင်ပွဲ ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နေပြည်တော်တွင် (၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်အားကစားပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာကျေးဇူးတင် ဂုဏ်ယူမိပါကြောင်း။ စာမျက်နှာ ၃ ကော်လံ ၁ ■

တောင်ကိုရီးယားသင်္ဘောနစ်မြုပ်မှု ဝန်ကြီးချုပ်နုတ်ထွက် စာမျက်နှာ-၄

ဘက်စုံထူးချွန်သည့် နိုင်ငံ့အနာဂတ်ကြယ်ပွင့်များ၏ ဒုတိယအကြိမ်မြောက် ငွေဆောင်ခရီးစဉ် စာမျက်နှာ-၇

မြန်မာ့မီးရထားမှ ပြည်တွင်းပြည်ပဆက်သွယ်ရေး ဖိုင်ဘာဆက်ကြောင်း ပြုပြင်တည်ဆောက်ရေးတင်ဒါခေါ်ယူ

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-အေးကေလင်း

ရန်ကုန် ‌မေ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းသည် နိုင်ငံတကာ ရထားပို့ဆောင်ရေးလုပ်ငန်းများ၏ လုပ်ထုံးစနစ်နှင့်အညီ လက်ရှိရရှိနေသည့် အပိုဝင်ငွေများထက် ၁၀ ဆမှ ၁၂ ဆအထိ ဝင်ငွေရှာဖွေကာ မိဘပြည်သူများအတွက် ရထားခရီးဆက်သွယ်ရေး ပိုမိုအဆင့်မြင့်တင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု သိရသည်။

"ရထားပို့ဆောင်ရေးလုပ်ငန်းက မိဘပြည်သူတွေ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အရှုံးခံပြီး ပြေးဆွဲနေရတာပါ။ အဲဒီအရှုံးတွေကို ပြန်လည်ကာမိပြီး ပိုမိုကောင်းမွန်တဲ့ လမ်းပန်းဆက်သွယ်မှုစနစ်ကို ရရှိစေဖို့နဲ့ နိုင်ငံတော်အတွက် ဝင်ငွေကို စာမျက်နှာ ၅ ကော်လံ ၄ ❁

BBB
ဘီသုံးလုံး ကားအရောင်းစင်တာ
Specializes in Wagons(4WD)
38+40 ၊ကမ္ဘာအေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း၊
Phone: 09-7320-7777

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဝမ်းရောဂါ သတိပြုစရာ

ယခုအခါ အပူချိန်မြင့်တက်လာမှုကြောင့် ဝမ်းပျက် ဝမ်းလျှောရောဂါများ၊ အစာအဆိပ်သင့်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ဤသို့ ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုမှာ ရာသီဥတုပူပြင်းမှုနှင့် အဓိကသက်ဆိုင်ပါသည်။ အပူရှိန်လွန်ကဲလာ၍ အစားအစာများ လျင်မြန်စွာ အချဉ်ပေါက်တတ်ပါသည်။ အစာချဉ်ပေါက်ရာမှ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားတတ်ပါသည်။

လွန်ခဲ့သည့်ရက်များက သဲကုန်းမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား၍ လူပေါင်း ၂၀၀ ခန့် ဆေးရုံတက်ခဲ့ရကြောင်း ကြားသိရသည်။ ယင်းမှာ အစားအစာကြောင့် ဖြစ်ရသည်ဟု ဆိုသည်။ ဝမ်းပျက်ဝမ်းလျှော ရောဂါသည် အသက်အန္တရာယ်မဖြစ်နိုင်သော်လည်း ပြင်းထန်သော ဝေဒနာခံစားရနိုင်ပါသည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် အစားအသောက်များကို သတိပြုစားသုံးသင့်ပါသည်။ "အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း"ဆိုသကဲ့သို့ မဆင်မခြင်စားသောက်လျှင် အန္တရာယ်ဖြစ်စေနိုင်ပါသည်။ မသန့်ရှင်းသော အစားအသောက်များကို စားသောက်မိခြင်း၊ မသန့်ရှင်းသောရေကို သောက်သုံးမိခြင်း တို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနိုင်ပါသည်။

အကောင်းဆုံးမှာ ရေကို ကျိုချက်သောက်သုံးသင့်ပါသည်။ ယခုကဲ့သို့ ပူပြင်းသော နွေရာသီကာလအတွင်း လက်လုပ်ချဉ်များ၊ အသုပ်များနှင့်ပူစပ်လွန်းသော အစားအစာများ စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ အစားအစာများကို ပူပူနွေးနွေးစားသုံးပေးသင့်ပါသည်။

ထမင်းကျန် ဟင်းကျန်များ စားသုံးခြင်းကြောင့် အစာအချဉ်ပေါက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ အကယ်၍ ဝမ်းရောဂါပြင်းထန်စွာ ဖြစ်ပွားပါက နီးစပ်ရာဆေးခန်းတွင် အမြန်ဆုံးကုသမှုခံယူသင့်သည်။

အထူးသဖြင့် ယခုကဲ့သို့ ပူပြင်းသောရာသီတွင် အရက်သောက်သူများ အလွန်အကျွံသောက်သုံးခြင်းဖြင့် ဝမ်းရောဂါများ ဖြစ်ပွားနိုင်ပါသည်။ ပူစပ်သော အစားအသောက်များကို ရှောင်ရှားသင့်ပါသည်။ အသီးအနှံနှင့် အရည်ရွှမ်းသော သစ်သီးဝလံများကို များများစားသုံးပေးသင့်ပါသည်။ အစားအစာများကို လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားသုံးပေးသင့်ပါသည်။

သို့ပါ၍ ယခုကဲ့သို့ ပူပြင်းသော နွေရာသီကာလအတွင်း ဝမ်းပျက်ဝမ်းလျှောနှင့် အစာအဆိပ်သင့်မှုများမဖြစ်ပွားစေရန် အစားအသောက်များကို သတိပြုဆင်ခြင်စားသုံးသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အိန္ဒိယရေတပ်သင်္ဘောသုံးစင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

ရန်ကုန် ဧပြီ ၂၇

အိန္ဒိယရေတပ်မှ သင်္ဘောသုံးစင်းသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် ဧပြီ ၂၇ ရက်မှ ၃၀ ရက်အထိ လာရောက်မည်ဖြစ်သည်။

ထိုသင်္ဘောသုံးစင်းသည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းတွင် ရပ်နားမည်ဖြစ်သည်။ အိန္ဒိယရေတပ်၏ သင်တန်းပေး သင်္ဘောအုပ်စုတွင် ရေတပ်သင်္ဘော Gharial၊ ရေတပ်သင်္ဘော Sujata နှင့် ကမ်းရိုးတန်းစောင့်သင်္ဘော Varuna တို့ပါဝင်ပြီး အိန္ဒိယရေတပ်နှင့် အိန္ဒိယကမ်းရိုးတန်းစောင့်တပ်တို့မှ ဗိုလ်လောင်းအရာရှိ ၁၂၅ ဦးတို့ လိုက်ပါလာမည်ဖြစ်သည်။

ထိုသင်္ဘောသုံးစင်းသည် မြန်မာနိုင်ငံသို့ မရောက်ရှိမီ စင်ကာပူနှင့် ဖူးခက်တို့သို့လည်း လည်ပတ်ခဲ့ပြီးဖြစ်သည်။ ရေတပ်သင်္ဘော Gharial သည် အလေးချိန်တန် ၅၆၀၀ရှိသော Landing Ship Tank(အကြီးစား) ဖြစ်၍ ကမ်းခြေတွင်ရပ်နားကာ တိုင်ကီများ၊ မော်တော်ယာဉ်များ၊ ကိရိယာများနှင့် လူများကို ချပေးရုံသာမက ပင်လယ်ပြင်ရှိ သင်္ဘောများသို့ လောင်စာဆီဖြည့်ပေးသော သင်္ဘောအဖြစ်လည်း စွမ်းဆောင်နိုင်သည်။ ဤသင်္ဘောကို Seaking ဟယ်လီကော်ပတာနှစ်စင်း တင်ဆောင်နိုင်ရန် ပုံစံထုတ်ထားပြီး လာရောက်သော သင်္ဘောများ၏ အဆင့်မြင့်အရာရှိ Commander Happy Mohan ၏ ညွှန်ကြားမှုအောက်တွင် ရှိသည်။

ရေတပ်သင်္ဘော Sujata သည် ကမ်းဝေးကင်းလှည့်သင်္ဘောဖြစ်ပြီး EEZ နှင့် ပင်လယ်ရေကြောင်းလှည့်ကင်းများကို ကောင်းစွာဆောင်ရွက်နိုင်စွမ်းရှိသည်။ သင်္ဘောသည် Seaking ဟယ်လီကော်ပတာတစ်စင်း တင်ဆောင်နိုင်ပြီး Commander Mahesh Rahangdale ၏ ညွှန်ကြားမှု အောက်တွင်ရှိသည်။

ရေတပ်သင်္ဘော Varuna သည် အိန္ဒိယကမ်းရိုးတန်းစောင့်တပ်မှ ကမ်းဝေးကင်းလှည့်သင်္ဘောဖြစ်ပြီး ကမ်းရိုးတန်းစောင့်တာဝန်အတွက် ရည်ရွယ်ကာ တည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ပင်လယ်ပြင်တွင် ရေနံကြောင့် ညစ်ညမ်းမှုမရှိရန်နှင့် ထိန်းသိမ်းရန်လိုအပ်သော ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ရန် အဆင်ပြေသည်။ ဤသင်္ဘောသည် Chetak ဟယ်လီကော်ပတာတစ်စင်း တင်ဆောင်နိုင်ပြီး Commander SA Sharma ၏ ညွှန်ကြားမှုအောက်တွင် ရှိသည်။

ရန်ကုန်ခရီးစဉ်အတွင်း သင်္ဘောနှင့် လိုက်ပါသော အဆင့်မြင့်အရာရှိများသည် မြန်မာနိုင်ငံအုပ်ချုပ်ရေးနှင့် တပ်မတော်မှ အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ထို့ပြင် ဧပြီ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ဆေးရုံ၌ အခမဲ့ကုသပေးရန်လည်း စီစဉ်ထားသည်။ အခြားသော လူမှုရေးဆောင်ရွက်ချက်များလည်း ပြုလုပ်မည်ဖြစ်သည်။ သင်္ဘောများပေါ်တွင် လိုက်ပါလာသော အိန္ဒိယရေတပ်တီးဝိုင်းသည် ဧပြီ ၂၉ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ပင်လယ်ဖြတ်ကျော် ချစ်ကြည်မှုနှင့် ဟာမိုနီဖြစ်မှုအမည်ဖြင့် အများပြည်သူများကို ဖျော်ဖြေမည်ဖြစ်သည်။

သင်္ဘောနှင့် လိုက်ပါလာသော ရေတပ်ဗိုလ်လောင်းနှင့် အရာရှိများသည် ရန်ကုန်နှင့် ပဲခူးတို့ရှိ ထင်ရှားသောသမိုင်းဝင်နေရာများနှင့် ယဉ်ကျေးမှုနေရာများသို့ လည်ပတ်ကာ မြန်မာနိုင်ငံ၏ သမိုင်းနှင့် ယဉ်ကျေးမှုတို့ကို လေ့လာကြမည်ဖြစ်သည်။ ဤခရီးစဉ်နှင့် နှစ်ဖက်အဆင့်မြင့်အရာရှိများ တွေ့ဆုံဆွေးနွေးမှုများသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အောင်သူရ

အကျိုးမဲ့ပြုလုပ်သူများကို တားဆီးပေးစေချင်

ထင်သာမြင်သာပြုပြင်စရာ

တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်များက ပဲခူးမြို့ လိပ်ပြာကန်အား လှပအောင် သိန်းပေါင်းများစွာ အကုန်အကျခံ၍ ကန်ပေါင်တစ်လျှောက် နံရံများပြုလုပ်ပေးခြင်း၊ စတီးလက်ရန်းများ တပ်ဆင်ပေးခြင်း၊ ပန်းအလှများ စိုက်ပျိုးပေးခြင်း၊ ကန်ပတ်လည် ကွန်ကရစ်များကို ခင်းကျင်းဆောင်ရွက်ပေးပြီး အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ ဧပြီ ၂၆ ရက် ည ၁၀ နာရီကျော်ခန့်က အသိဉာဏ်မဲ့လူငယ်တစ်စုက စတီးလက်တန်းများကို ဖျက်ဆီးသွားခဲ့သည်။ နောင်အခါ ယခုကဲ့သို့ ဖျက်ဆီးမှုများမဖြစ်ပေါ်စေရန် တာဝန်ရှိသူများက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် တင်ပြလိုက်ပါသည်။ **(အောက်ပုံ)**

သန့်စင်(ပဲခူး)

ဆောမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

ဆော ဧပြီ ၂၇

ဂန့်ဂေါခရိုင် ဆောမြို့နယ် လယ်ရင်းကျေးရွာနှင့် အကြည်ကတင်းကျေးရွာတို့မှာ ခရီးတာနှစ်မိုင်သာ ကွာဝေးသော်လည်း မြေသားလမ်းဖြင့်သာ သွားလာကြရသဖြင့် မိုးရာသီတွင် သွားလာမှုခက်ခဲခြင်းများ ကြုံရလေ့ရှိသည်။

၂၀၁၄ ခုနှစ်တွင် အဆိုပါလမ်းကို လမ်းအကျယ် ၁၂ ပေရှိ ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ လမ်းပြီးစီးသွားသည့်အခါ စက်ဘီး၊ ဆိုင်ကယ်၊ လှည်းများဖြင့်သာမက ကားဖြင့်ပါ မောင်းနှင်သွားလာနိုင်မည်ဖြစ်သည့်အတွက် အဆိုပါကျေးရွာများသာမက ပတ်ဝန်းကျင်ကျေးရွာများပါ လူမှုရေး၊ စီးပွား ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်ပြုပြင်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ချင်းပြည်နယ် ကန်ပက်လက်မြို့ခရီးစဉ်တွင် ငွေကျပ်သိန်း ၅၀ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် လမ်းအဆင့်မြှင့် ပြုပြင်နိုင်ပြီဖြစ်သည့်အတွက် ဒေသနေပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

(၁၀၁)

ပြည်တွင်းသတင်း

■ *ရှေ့ဖုံးမှ*

အရှေ့တောင်အာရှ လူငယ်အားကစားပြိုင်ပွဲကြီးသည် အားကစားသမားများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးသာမက မိမိတို့ နိုင်ငံများအကြား စစ်မှန်သော ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်မှုတို့အတွက်လည်း ပို၍ အရေးပါပါကြောင်း။

ယခုအားကစားပြိုင်ပွဲသည် မိမိတို့၏ လူငယ်အားကစားသမားများအတွက် အာဆီယံနှင့်နိုင်ငံတကာအဆင့်သို့ တက်လှမ်းနိုင်မည့် ခိုင်မာသောလမ်းကြောင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အားကစားသမားများက သရုပ်ပြခြင်းလုံးခတ်ကစားပြကြကာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အားကစားသမားများကလည်း မြန်မာ့သိုင်းပညာဖြင့် သရုပ်ပြသ ကစားခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲကို မေ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် စင်ကာပူနိုင်ငံတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား ၂၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲတွင် အားကစားနည်း ၄၃ မျိုးကို ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရခိုင်အမျိုးသားညီလာခံ(ကျောက်ဖြူ) ဖွင့်ပွဲအခမ်းအနားကျင်းပ

စစ်တွေ မေ ၂၇

ရခိုင်အမျိုးသား ညီလာခံ (ကျောက်ဖြူ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ကျောက်ဖြူမြို့ အစိုးရရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဝင်းကွင်းပြင်၌ ကျင်းပရာ ရခိုင်အမျိုးသားညီလာခံ (ကျောက်ဖြူ) ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဆရာတော် ဟီတရေ ဦးဝိမလ ဘိဝံသ(ရန်ကုန်)က ဩဝါဒကထာမြွက်ကြားပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် စာရေးဆရာ ဦးကျော်ဝင်းနှင့် ဆရာဖေမြင့်တို့က မြန်မာနိုင်ငံ ဒီမိုကရေစီဆိုင်ရာ လူမှုစီးပွားပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍လည်းကောင်း၊ အသင်းအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များက အထွေထွေ သဝဏ်လွှာဖတ်ကြား၍ လည်းကောင်း၊ ခရိုင်ငါးခရိုင် ကိုယ်စားပြုကိုယ်စားလှယ်ငါးဦးတို့က ညီလာခံအပေါ် အမြင်နှင့် မျှော်မှန်းချက်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ညီလာခံကို မေ ၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါညီလာခံမှ ရှေ့ဆက်လက်မည့် အမျိုးသားမူဘောင်များ အပြီးသတ်ရေးဆွဲခြင်းနှင့် ယင်းညီလာခံမှ ရလဒ်များကို သဘောထားရေးဆွဲထုတ်ပြန်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

❊ *ကျောဖုံးမှ*

တည်ဆောက်လျက်ရှိသည်။ အဆိုပါ အဆောက်အအုံများနှင့်ပတ်သက်ပြီး အကျိုးတူဆောက်လုပ်သည့်ကုမ္ပဏီကရရှိမည့် အဆောက်အအုံနှင့်အခန်းများကို ယင်းကုမ္ပဏီ၏အစီအစဉ်ဖြင့် စီမံခန့်ခွဲသွားမည် ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကရရှိမည့် အဆောက်အအုံနှင့် အခန်းများကို ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် စီမံခန့်ခွဲသွားမည် ဖြစ်သည်။

(မြန်မာ့အလင်း)

ကယားပြည်နယ် စုပေါင်းကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော် အလှူငွေပေးအပ်ပွဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်အလှူငွေပေးအပ်

နေပြည်တော် မေ ၂၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကယားပြည်နယ် စုပေါင်းကေ့ထျိုးဘိုး (ခေါ်)တံခွန်တိုင်ပွဲတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယမန်နေ့ ညနေ ၃နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ချိုကယ်ကျေးရွာအုပ်စု ထေးသမကျေးရွာ တံခွန်တိုင်ဗိမာန်၌ ကျင်းပသည့် ကယားပြည်နယ်စုပေါင်း ကေ့ထျိုးဘိုး (ခေါ်)တံခွန်တိုင်ပွဲတော် အတွက် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေး ကော်မတီ ဥက္ကဋ္ဌကလှူဒါန်းသည့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ ဦးလှသိန်းဆွေ၊ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ လာရောက်လှူဒါန်းခြင်းမှာ ပြည်ထောင်စုလွှတ်တော်ကို ကိုယ်စားပြုပါကြောင်း၊ လိုအပ်သောဘာသာရေး၊ သာသနာရေး၊ ပညာရေးစသည်ဖြင့် လှူဒါန်းရန်နှင့် ငွေကြေးအဝတ်အထည်များ လှူဒါန်းရန် လာရောက်ခြင်းဖြစ်သည့် အတွက် မေတ္တာတရားကို အရင်းခံ၍ ရောက်လာသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးသည့်နေရာတွင် လွှတ်တော်က ဥပဒေပြုရေးအာဏာကို အဓိကကျင့်သုံးသော အဖွဲ့အစည်းဖြစ်ကြောင်း၊ ယင်းသို့ကျင့်သုံးရာတွင် ပြည်သူကိုဗဟိုပြုရသည် ဖြစ်သည့်အတွက် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ဦးထိပ်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်တွင် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် လည်းကောင်း၊ အခြားသော ပြည်သူတို့၏ လိုအပ်ချက်များကို လိုက်လံလှူဒါန်းလျက်ရှိရာ ရခိုင်၊ ကချင်၊ မွန်၊ ကရင် စသည်ဖြင့် လှူဒါန်းထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အလှူငွေကျပ်သိန်း ၁၀၀ကိုလှူဒါန်းရာ ကေ့ထျိုးဘိုး(ခေါ်) တံခွန်တိုင်ရိုးရာ ဂေါပကအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပိုးရယ်အောင်သိန်းက လက်ခံသည်။ ထို့နောက် ၎င်းက ကျေးဇူးတင်စကား ပြောကြားရာ ကယားတိုင်းရင်းသားမျိုးနွယ်စုများ၏ ကေ့ထျိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ မိုးလေဝသ မှန်ကန်ရန်၊ ဆန်ရေစပါးပေါများရန်၊ ရောဂါဘယကင်းရှင်းရန်၊ တိုင်းပြည်အေးချမ်းသာယာဝပြောတိုးတက်ရန် ရည်ရွယ်၍ ဆုတောင်းတိုင်တည်ကြသည့် ပွဲတော်ဖြစ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လွိုင်ကော်မြို့ရှိဆုတောင်းပြည့်မြို့နာမ်စေတီတော်၊ သမိုင်းဝင်တောင်ကွဲစေတီတော်များသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေကျပ် ၁၀ သိန်းစီကို လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

စက်မှုဇုန်များ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးဆွေးနွေး

ရန်ကုန် မေ ၂၇

ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ် နွေရာသီတွင် စက်မှုဇုန်များ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်မှုအပေါ် မှန်ကန်စွာ ရှုမြင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်က ယမန်နှစ် ၂၀၁၃ ခုနှစ် နွေရာသီကာလက ဓာတ်အားထုတ်လုပ်မှု လျော့နည်းသဖြင့် စက်မှုဇုန်များကို နှစ်အုပ်စုခွဲပြီး တစ်အုပ်စုကို ၅ နာရီသာ ဓာတ်အားပေးနိုင်သည့်ကာလ သုံးလနှင့် စက်မှုဇုန်အားလုံးဓာတ်အားဖြတ်တောက်ထားရသည့်ကာလ တစ်လရှိခဲ့ကြောင်း၊ ယခုနှစ်တွင် စက်မှုဇုန်အားလုံးသို့ ဓာတ်အားဖြတ်တောက်မှုမရှိ အပြည့်အဝဓာတ်အားပေးလျက်ရှိပြီး အသစ်ပြင်ဆင်သောနှုန်းထားအရ ဓာတ်အားသုံးစွဲမှု ပမာဏအလိုက် ကောက်ခံမည့်နှုန်းထားမှာ အမြင့်ဆုံးတစ်ယူနစ်လျှင် ၁၅၀ ကျပ်သာရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူနေမှုဘဝမြင့်တင်ရေးတွင် မရှိမဖြစ်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ပြည့်စုံလုံလောက်စွာ ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ယခုနှစ်တွင် စက်မှုဇုန်များ လျှပ်စစ်မီး အပြည့်အဝရရှိမှုနှင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများနှင့်ပတ်သက်၍ ဆွေးနွေးကြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

တက္ကဆက်ပြည်နယ်တွင်း အထပ်သားစက်ရုံ မီးလောင်မှုဖြစ်ပွား

ဟောက်စ်တန် ဧပြီ ၂၇

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ အထပ်သားစက်ရုံတစ်ရုံ စနေနေ့က ပေါက်ကွဲမှုဖြစ်ပွားမီးလောင်ရာမှ စက်ရုံအလုပ်သမားခုနစ်ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

၎င်းစက်ရုံသည် ဟူစ်တန်မြို့မြောက်ဘက် ကီလိုမီတာ ၁၆၀အကွာတွင် တည်ရှိခြင်းဖြစ်ပြီး ပေါက်ကွဲချိန်မှာ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူ လေးဦးတို့အား ဟူစ်တန်မြို့ရှိ ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့်ခေါ်ယူသွားပြီး သုံးဦးကိုမူ အနီးရှိဆေးရုံတွင် တင်ပို့ကုသပေးခဲ့ရသည်။

မီးသတ်တပ်ဖွဲ့ဝင်များက မီးတောက်များကို ကြိုးစားပြီးငြိမ်းသတ်ခဲ့ရပြီး ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကိုမူ ရှင်းရှင်းလင်းလင်း မသိရပေ။ လျှပ်စစ်မှုန့်များမှ မီးလောင်ခဲ့ခြင်းဖြစ်ဖွယ်ရှိသည်ဟု အချို့မီးသတ်တပ်ဖွဲ့ဝင်များက ဆိုကြသည်။ ကုမ္ပဏီကမူ စက်ရုံလုပ်ငန်းလည်ပတ်မှုကို အချိန်အကန့်အသတ်မရှိ ရပ်ဆိုင်းထားဦးမည်ဟု ဆိုသည်။

(ဆင်ဟွာ)

သမ္မတမော်စီထောက်ခံသူ ၁၁ ဦး ထောင်ဒဏ်ငါးနှစ်မှ ဂဂနှစ်အထိ အဆင့်ဆင့်ပြစ်ဒဏ်ချမှတ်ခံရ

ကိုင်ရို ဧပြီ ၂၇

ရာထူးမှဖြုတ်ချခံထားရသောသမ္မတမော်စီအား ထောက်ခံသူ ၁၁ ဦးကို ဆူပူအုံကြွမှုဖြစ်စေသည့်အတွက် ထောင်ဒဏ် ငါးနှစ်မှ ဂဂ နှစ်အထိ အဆင့်ဆင့်ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

၎င်းပြစ်မှုကျူးလွန်သူများကို ယမန်နှစ်က မစ္စတာမော်စီကို ဖြုတ်ချခဲ့မှုကြောင့် ဖြစ်ပေါ်လာသော ဆူပူအုံကြွမှုအတွင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူ ၁၁ ဦးသည် ၎င်းတို့အပေါ် ချမှတ်သောပြစ်ဒဏ်များကို အယူခံဝင်ခဲ့ကြသည်။ မတ်လအတွင်းကလည်း မော်စီထောက်ခံသူ ၅၀၀ကို ကိုင်ရိုတောင်ပိုင်း Minya ရှိ ယခုတရားရုံးကပင် သေဒဏ်ချမှတ်ခဲ့သည်။ အစိုးရကျောထောက်နောက်ခံပြု အီဂျစ်တပ်မတော်က အစ္စလမ္မစ်စစ်သွေးကြွများကို ဖြိုခွင်းမှုများ အရှိန်အဟုန်ဖြင့် ပြုလုပ်နေချိန်၌ အဆိုပါကိစ္စဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းဖြိုခွင်းမှုများပြုလုပ်ရာတွင် လူရာပေါင်းများစွာ သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြသည်။

အီဂျစ်နိုင်ငံသည် မွတ်စလင်ညီအစ်ကိုများအဖွဲ့ကို ဖြိုခွင်းမှုများ ပြုလုပ်ကတည်းက ဆူပူအုံကြွမှုများရှိခဲ့သည်။

(ဘီဘီစီ)

အမေရိကန်-မလေးရှား ဆက်ဆံရေးတစ်ခေတ်ဆန်းပြီဟု အိုဘားမားအမှမ်းတင်ဂုဏ်ပြု

အမေရိကန်သမ္မတ အိုဘားမားနှင့် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇ်လ်

ကွာလာလမ်ပူ ဧပြီ ၂၇

အမေရိကန်ပြည်ထောင်စုနှင့် မလေးရှားတို့၏ "မိတ်ဖက်ဆက်ဆံရေးခေတ်သစ်"ကို စတင်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ၎င်း၏ တရားဝင်ခရီးစဉ်ဒုတိယနေ့တွင် ပြောကြားလိုက်သည်။

ဝန်ကြီးချုပ် နာဂျစ်ရာဇက်နှင့် မတွေ့ဆုံမီ နိုင်ငံတော်ညှော်ခံပွဲတစ်ရပ်တွင် သမ္မတအိုဘားမားသည် မလေးရှားဘုရင် အဗ္ဗဒူလ်ဟာလင်မ်မူအဒ်ဇမ်ရှားနှင့်လည်း တွေ့ဆုံစကားပြောခဲ့သည်။ အိုဘားမား၏ခရီးစဉ်သည် တာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် မလေးရှားသို့ အလည်အပတ်ခရီးအဖြစ် နှစ်ပေါင်း ၅၀ခန့်အတွင်း ပထမဆုံးခရီးဖြစ်သည်။

မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက် လက်ထက် ဆက်ဆံရေးတွင် ပဋိပက္ခများရှိခဲ့ပြီး နောက်နှစ်အနည်းငယ်အတွင်း အမေရိကန်- မလေးရှားဆက်ဆံရေးမှာ တိုးတက်ခဲ့သည်။

မလေးရှား၏ အိမ်နီးချင်းဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် ကလေးဘဝက နေထိုင်ခဲ့ဖူးသည့် မစ္စတာအိုဘားမားက အမေရိကန်နှင့် မလေးရှားတို့သည် တူညီသည့်တန်ဖိုးထားမှုနှင့် ပြင်းပြသည့်ဆန္ဒများကို မျှဝေခဲ့ကြကြောင်း မလေးရှားဝေါဟာရအချို့ကို ကြားညှပ်ကာ မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ် နာဂျိဘ်ရာဇက်ကလည်း နှစ်နိုင်ငံဆက်ဆံရေးကို ပြီးပြည့်စုံသည့် မိတ်ဖက်အဆင့်သို့ မြှင့်တင်သွားရန် မိမိနှင့် သမ္မတ အိုဘားမားတို့ သဘောတူခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုအကြောင်းအရာပေါ်တွင်လည်း နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြကြောင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေကိုလိုက်နာရန် အရေးကြီးကြောင်း သဘောတူညီခဲ့ကြသည်ဟု မစ္စတာနာဂျိဘ်က ပြောကြားသည်။

(ဘီဘီစီ/ရိုက်တာ)

တောင်ကိုရီးယားဝန်ကြီးချုပ် ချောင်ဟောင်ဝမ်

တောင်ကိုရီးယားသင်္ဘောနစ်မြုပ်မှု ဝန်ကြီးချုပ်နုတ်ထွက်

ဆိုးလ် ဧပြီ ၂၇

တောင်ကိုရီးယားဝန်ကြီးချုပ် ချောင်ဟောင်ဝမ်သည် ခရီးသည်တင်ဖယ်ရီသင်္ဘောနစ်မြုပ်မှုအပေါ် ကိုင်တွယ်မှုညံ့ဖျင်းသည်ဟု ဝေဖန်ခံရပြီးနောက် ၎င်း၏နုတ်ထွက်စာကို ပေးအပ်ခဲ့သည်။

ပျောက်ဆုံးနေဆဲမိသားစု၏ဝေဖန်ခံရမှုသည် မိမိအပေါ်တွင် တာဝန်ရှိကြောင်း မစ္စတာချောင်၏ ကြေညာချက်တွင်ဖော်ပြသည်။

ခရီးသည် ၄၇၆ဦး လိုက်ပါလာသည့် အဆိုပါသင်္ဘောသည် ဧပြီ ၁၆ ရက်က ကိုရီးယားကမ်းအလွန်တွင် နစ်မြုပ်သွားခဲ့ရာ အများစုမှာ ကျောင်းသားကျောင်းသူများနှင့် ဆရာများပါဝင်ကြသည်။

အဆိုပါသင်္ဘောနစ်မြုပ်မှု ကယ်ဆယ်ရေးလုပ်ငန်းမှာအလွန်နှေးကွေးနေကြောင်း ပျောက်ဆုံးမိသားစုများက ဒေါသတကြီး ဝေဖန်ပြောဆိုလျက်ရှိသည်။

ယင်းအတွက် မိမိတွင်တာဝန်ရှိကြောင်း၊ အစိုးရကို ဦးဆောင်သည့် မိမိနုတ်ထွက်သင့်ပါကြောင်း မစ္စတာချောင်က ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

(ဘီဘီစီ)

စစ်ရေးအကဲခတ်များလွှတ်မြောက်ရေးကူညီရန် ရုရှားကို ကယ်ရီတိုက်တွန်း

ဝါရှင်တန် ဧပြီ ၂၇

ယူကရိန်းအရှေ့ပိုင်းတွင် ဖမ်းဆီးခံထားရသည့် ဥရောပစစ်ရေးအကဲခတ်သူများ လွှတ်မြောက်ရေးအတွက် အစွမ်းကုန်ကူညီရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ရုရှားကို တိုက်တွန်းလိုက်သည်။

ယူကရိန်းနယ်စပ်အနီးတွင် စစ်မြူရန်စနေသည့် ရုရှားတပ်များ၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍လည်း စိုးရိမ်ပူပန်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ဖုန်းဖြင့် ဆက်သွယ်မှုတစ်ရပ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။

ကီယက်ဗ်အစိုးရကို အာခံအန်တုကာ ယူကရိန်းအရှေ့ပိုင်း မြို့တစ်ဒါဇင်ခန့်ရှိ အစိုးရရုံးအဆောက်အအုံများကို ရုရှားလိုလားသူ စစ်သွေးကြွများက ဆက်လက်သိမ်းပိုက်ထားဆဲဖြစ်သည်။

ရုရှားကိုပိတ်ဆို့အရေးယူမှုများ ထပ်မံပြုလုပ်ရန်အတွက် ဥရောပသမဂ္ဂသံတမန်များ ဧပြီ ၂၈ ရက်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ယူကရိန်း အရေးကိစ္စနှင့်ပတ်သက်၍ ရုရှားကိုပြင်းပြင်းထန်ထန်အရေးယူရန် စီးပွားရေးအင်အားကြီး ခုနစ်နိုင်ငံ အုပ်စု(ဂျီ-၇)က စောစောပိုင်းတွင် သဘောတူညီထားခဲ့သည်။ ပြီးခဲ့သည့်လက ခရိုင်းမီးယားကို သိမ်းပိုက်ခဲ့ပြီးနောက် ရုရှားသည် ယူကရိန်းအရှေ့ပိုင်းတွင် ခွဲထွက်ရေး ပုန်ကန်ထကြွမှုများကို ဦးဆောင်မှုပေးနေကြောင်း အနောက်နိုင်ငံများက စွပ်စွဲလျက်ရှိသော်လည်း ရုရှားကမူ အကျောက်အကန်ငြင်းဆန်လျက်ရှိသည်။

(ဘီဘီစီ)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ

ပြည်တွင်းသတင်း

လယ်မြေဧက ၃၃၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း

နေပြည်တော် မေ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၂၅ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ရှုရပ်နေရာမှ စီမံကိန်းလုပ်ငန်းခွင် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းခွင်ပုံစံငယ်တို့ကို ကြည့်ရှုလေ့လာကြသည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ယခင်အစိုးရလက်ထက်ကပင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတစ်ခုလုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် တိုက်ရိုက်အကျိုးရှိသော လယ်မြေဧက ၃၃၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်၍ ဒေသတစ်ခုလုံး များစွာအကျိုးရှိမည်ဖြစ်သည်။

၁၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်တာဘိုင်နှစ်လုံး တပ်ဆင်မည်ဖြစ်ရာ ရွာငံဒေသအတွက်သာမက ဒေသတွင်း လျှပ်စစ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံ YMEC ကုမ္ပဏီမှ ရေအားလျှပ်စစ်ပစ္စည်းများ၊ တာဘိုင်များအပါအဝင် အခြေခံပစ္စည်းများ၏ ၈၀ ရာခိုင်နှုန်းကျော် အသင့်ရောက်ရှိ တပ်ဆင်ပြီးစီးနေပြီဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်များအပါအဝင် အဘက်ဘက်မှလိုအပ်ချက်များကို ထည့်သွင်းသုံးသပ်ပြီး အရေးပေါ်အခြေအနေများတွင် ဤဆည်တမံကို စနစ်တကျကြီးကြပ်ထိန်းသိမ်းအသုံးပြုရေး အပါအဝင် ရေရှည်ထိန်းသိမ်း ဆောင်ရွက်ကြရမည့် မိမိတို့၏အရာထမ်း၊ အမှုထမ်းဝန်ထမ်းများအတွက် ယခုကာလမှစ၍ မိသားစုဝင်များ၏ စားဝတ်နေရေးနှင့် နေထိုင်ရေးအဆင်ပြေစေရန် ကြိုတင်မျှော်တွေးစီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အချင်းပေ ၂၀၊ အလျား ၁၆၄၄ ပေနှင့် ဒီဇိုင်းရေထုစီးနှုန်း တစ်စက္ကန့်လျှင် ၂၉၆၇ ကုဗပေရှိသော ရေအားလျှပ်စစ် ဥမင်လိုဏ် (Hydropower Tunnel) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကွန်ကရစ်လုပ်ငန်းများ ပြီးစီးနေမှုများ၊ ဥမင်လိုဏ်ကြောင်း ပြီးစီးနေမှုများ၊ ဥမင်လိုဏ်ကြောင်း သံမဏိပိုက်လိုင်းတပ်ဆင်နေမှုများ၊ အချင်း ၁၈ ပေ၊ အလျား ၁၅၃၅ ပေရှိသော မြင်းခွာပုံသဏ္ဌာန် ရေလွှဲဥမင်တည်ဆောက်ပြီးစီးမှု၊ အလျား ၁၃၅ ပေ၊ အနံ ၈၄ ပေ၊ အမြင့် ၈၁ ပေရှိ သံကူကွန်ကရစ် ရေအားလျှပ်စစ်အဆောက်အအုံ (Power House) အပြီးသတ်တည်ဆောက်ပြီးစီးမှု၊ အလျား ၁၆၉၅ ပေ၊ ပျမ်းမျှအနက် ၄၈ ပေရှိသော ရေစိမ့်တားတမံ တည်ဆောက်ပြီးစီးမှုများ၊ ရေယူအဆောက်အအုံ (Power Intake) ပြီးစီးမှုများ၊ တရုတ်နိုင်ငံ YMEC ကုမ္ပဏီမှ ပေးပို့ရောက်ရှိနေပြီဖြစ်သော ရေအားလျှပ်စစ်စက်ပစ္စည်းအစိတ်အပိုင်းများ၊ တာဘိုင်နှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အကျယ် ၂၉၅ ပေ၊ ရေစီးနှုန်းတစ်စက္ကန့် ၇၂၇၆၀ ကုဗပေရှိသည့် သံကူကွန်ကရစ် Spillway (ရေပိုလွှဲ)ကို ရာနှုန်းပြည့်တည်ဆောက်ပြီးစီးမှုနှင့် တမံအပြီးသတ်ပိတ်ရန် လိုအပ်သောကျောက်များ၊ မြေကျင်းများစုပုံထားရှိမှု၊ ဆည်တမံထိန်းသိမ်းရေးနှင့် တာဝန်ကျဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံများ သပ်ရပ်စွာ ဆောက်လုပ်ထားရှိမှု၊ သီးပင်စားပင်၊ နှစ်ရှည်ပင်များစိုက်ပျိုးထားရှိမှုများ အလျား ၁၁ ဒသမ ၄မိုင်ရှည်လျားသည့် ပင်မရေပေးမြောင်းမကြီး "မြို့ကြီးမြောင်းမတော်"တည်ဆောက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါမြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် ဟံမြင့်မိုရ်-ရွာငံကားလမ်း မိုင်တိုင် ၁၄ရှိ မြို့ကြီးရွာမြောက်ဘက် တစ်မိုင်ဇော်ဂျီမြစ်ပေါ်၌တည်ရှိပြီး ရေဆင်းဧရိယာ ၇၂ ၅မိုင် ကျယ်ဝန်းကာ နှစ်စဉ်ပျမ်းမျှရေဧကပေ ၃၇၃၄၂၀ စီးဝင်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏပေ ၃၇၃၄၂၀၊ ကန်ရေသေပမာဏပေ ၅၉၇၇၀နှင့် ရေပြင်ကျယ်ဧရိယာမှာ ဧက ၃၄၂၀ ရှိသည်။ မြေသားတမံ (ဇုန်အမျိုးအစား) ဖြစ်ပြီး အလျား ၂၄၆၁ ပေနှင့် အမြင့် ၂၅၈ ပေရှိသည်။ ၁၅ မဂ္ဂါဝပ်ရှိသည့် ဖရန့်ဆစ် တာဘိုင်နှစ်လုံးဖြင့် ဓာတ်အား ၃၀ မဂ္ဂါဝပ်တပ်ဆင်ပြီး နှစ်စဉ် လျှပ်စစ်စွမ်းအား နာရီသန်းပေါင်း ၁၃၅ ဒသမ ၇၀ကီလိုဝပ်ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဤတမံကြီးပြီးစီးပါက ဇော်ဂျီရေလှောင်တမံ၏ ဆည်ရေသောက်လယ်မြေများနှင့် ပြောင်းပြာလိုင်းဇင် ဆည်ရေသောက်လယ်မြေများကို ယခင်ကထက် ဆည်ရေ ပိုမို ပို့လွှတ်ပေးနိုင်မည်ဖြစ်ပြီး မိတ္ထီလာလွင်ပြင်ဒေသရှိ လယ်မြေဧက ၃၃၀၀၀ ကျော်ကို ဆည်ရေပေးဝေနိုင်တော့မည်ဖြစ်သည်။ လက်ရှိတွင် လုပ်ငန်းအားလုံး၏ ၈၁ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရာနှုန်းပြည့်ပြီးစီးရေး စက်ယန္တရားအင်အား၊ ဝန်ထမ်းအင်အားတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

လှည်းတန်းခုံးကျော်တံတားပေါ်တွင် အရှိန်လွန်မောင်းနှင်သည့်ယာဉ် တံတားပေါင်ကိုဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းသူထွက်ပြေးတိမ်းရှောင်နေ

ရန်ကုန် မေ ၂၇

ကမာရွတ်မြို့နယ်အတွင်း မေ ၂၆ ရက် နံနက် ၁ နာရီ မိနစ် ၂၀ က ပြည်လမ်းအတိုင်း မရမ်းကုန်းမြို့နယ်ဘက်မှ ကမာရွတ်မြို့နယ်ဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော 9C---Mark II BLIT ခဲရောင်ကိုယ်ပိုင်ယာဉ်သည် လှည်းတန်းခုံးကျော်တံတားပေါ်အရောက် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး တံတားပေါင်ကို ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်မောင်းသည် အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် တံတားပေါင်ပျက်စီးမှုမရှိသော်လည်း ယာဉ်၏ရှေ့ခေါင်းပိုင်း ပျက်စီးသွားခဲ့ရသည်။ **(ယာဉ်ပုံ)**ယင်းကဲ့သို့ ယာဉ်ကိုမဆင်မခြင်မောင်းနှင်ပြီး ယာဉ်တိုက်မှုဖြစ်ကာ ထွက်ပြေးတိမ်းရှောင်သွားသူယာဉ်မောင်းကို ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

❀ ရှေ့ဖုံးမှ

တစ်ဖက်တစ်လမ်းကနေ ရှာဖွေပေးနိုင်ဖို့ ပထမဆုံးခြေလှမ်းကို ပွင့်လင်းမြင်သာစွာနဲ့ စတင်လိုက်ခြင်းဖြစ်ပါတယ်"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ရန်ကုန်-မန္တလေး လမ်းပိုင်းတစ်လျှောက်ရှိ မြန်မာ့ဆက်သွယ်ရေးအား ငှားရမ်းထားရှိခဲ့ဖူးသည့် မြေအောက်ဆက်သွယ်ရေး အိုအက်ဖ်စီကေဘယ်လ်ကို ပြန်လည်ပြုပြင်ရေးအတွက် တင်ဒါခေါ်ယူခြင်းအသိပေးပွဲ၌ ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မီးရထားလမ်းများတစ်လျှောက် ဖိုင်ဘာဆက်ကြောင်းများ တည်ဆောက်ခြင်း၊ အင်တင်နာတိုင်များ တပ်ဆင်ခြင်း၊ ဒေတာစင်တာများထားရှိခြင်းအစရှိသည့် ဆက်သွယ်ရေးနည်းပညာများကို ပြည်တွင်းပြည်ပရှိ မိုဘိုင်းအော်ပရေတာများနှင့် နိုင်ငံတကာနည်းပညာ ပြုပြင်ထိန်းသိမ်းတည်ဆောက်မှု လုပ်ငန်းများနှင့် ပူးပေါင်းကာ ရထားပိုင်မြေများတွင် ငှားရမ်းဆောင်ရွက်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူများအတွက် အရှုံးခံပြေးဆွဲပေးလျက်ရှိသည့် မြန်မာ့မီးရထားကဏ္ဍအား နိုင်ငံတကာမီးရထားလိုင်းများနှင့်အညီ အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရှိရသည်။

မြန်မာ့မီးရထားက ၂၀၀၈ ခုနှစ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြေအောက်ဖိုင်ဘာဆက်ကြောင်းများ သွယ်တန်းထားရှိရန်အတွက် ငွေကျပ်သန်းပေါင်း ၁၅၀၀ နှင့် ငှားရမ်းမှုပြုလုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လအတွင်း အဆိုပါစာချုပ်ပြီးမြောက်ချိန်တွင် ပြည်တွင်းရှိ မိုဘိုင်းအော်ပရေတာလေးခုတို့မှ လိုအပ်သည့် အရည်အသွေးမီ ပြုပြင်ထိန်းသိမ်းခြင်းများအတွက် လုပ်ငန်းလုပ်ကိုင်လိုသည့်ကုမ္ပဏီများအား တင်ဒါခေါ်ယူရန် ယခုကဲ့သို့ ရှင်းလင်းပြောကြားခြင်းဖြစ်သည်။

"ရထားခရီးစဉ်တွေကို ယမန်နှစ်တွေက တိုးချဲ့မှုတွေ၊ လမ်းသစ်ဖောက်လုပ်မှုတွေအများကြီးဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်ပိုင်းမှာတော့ ပြုပြင်ထိန်းသိမ်းမှုတွေကို ဦးစားပေးပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘက်ပေါင်းစုံကနေ ဖြည့်ဆည်းဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ အဲဒီအတွက် စီမံကိန်းချမှတ် အကောင်အထည်ဖော်သွားမယ်"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြောကြားသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်တွင် မြန်မာတစ်နိုင်ငံလုံး၌ ရထားလမ်းမိုင် ၃၇၀၀ ခန့်ရှိပြီး သံလမ်းမိုင်တိုင်ပေါင်း ၄၈၀၀ ခန့်ရှိကြောင်း၊ ထို့အပြင် မြန်မာ့မီးရထားဥပဒေအရ ရထားလမ်းဘေးနှစ်ဖက် ၇၅ ပေခန့်ကိုလည်း ပိုင်ဆိုင်ထားသည်။

"ရထားသံလမ်းဆိုတာ အဖြောင့်အတိုင်း သွယ်တန်းထားတဲ့အတွက် နည်းပညာ ဆက်သွယ်ရေးတွေမှာ အသုံးပြုဖို့အကောင်းဆုံးအနေအထားကို ရရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့် ရှိပြီးသား အရင်းအမြစ်အပေါ်မှာ အခြေခံပြီး ငှားရမ်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဂူဂဲလ်ရဲ့မြေပုံပေါ်ကနေ ရှာဖွေတဲ့အခါ မြန်မာ့မီးရထားနေရာတွေပေါ်မှာ ဖိုင်ဘာစနစ်အသုံးပြုနိုင်တဲ့ နည်းပညာလုပ်ငန်းပေါင်း ၁၀၀ ကျော်ထက်မက ရှိနေတာကိုမြင်ရတယ်။ လက်ရှိမှာ ဆက်သွယ်ရေးအော်ပရေတာတွေရှိမယ်။ အားလုံးက ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုနိုင်ကြမှာပါ။ ဖိုင်ဘာဆက်ကြောင်းဆိုတာ နည်းပညာတွေမှာ ဘက်စုံသုံးစွဲနိုင်တဲ့ အခြေအနေတစ်ခုဖြစ်လို့ တစ်ကမ္ဘာလုံးမှာရှိတဲ့ မီးရထားလုပ်ငန်းတွေမှာ ယခုလို နည်းလမ်းတွေနဲ့ပိုက်ဆံရှာကြတယ်။ နောက်ပြီး ပြည်သူတွေအတွက် ရထားဝန်ဆောင်မှုတွေ မြှင့်တင်ပေးကြတယ်။ ကျွန်တော်တို့လည်း လုပ်နိုင်ပြီး ပြုပြင်ပြောင်းလဲနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု အဆိုပါစီမံကိန်းတာဝန်ခံ မြန်မာ့မီးရထားလုပ်ငန်း၏ အထွေထွေမန်နေဂျာ ဦးဘမြင့်က ပြောကြားသည်။ **(မြန်မာ့အလင်း)**

ဆောင်းပါး

ကမ်းလင့်ကြိုဆိုပါသည့် အာဆီယံစွမ်းအင်ဆုတံဆိပ်ပြိုင်ပွဲဆီသို့

စွမ်းဦး

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် စွမ်းအင်သည်လည်း အကျုံးဝင်လျက်ရှိပါသည်။ ၎င်းစွမ်းအင်ကို ရရှိစေရေးအတွက် နည်းပညာဖွံ့ဖြိုးတိုးတက်သော နိုင်ငံများအနေဖြင့် ဆန်းသစ်သောနည်းပညာအမျိုးမျိုးဖြင့် သမားရိုးကျဖြစ်သည့် ပြန်လည်ပြည့်ဖြိုးခြင်းမရှိသည့် စွမ်းအင် (Non Renewable Energy)ဖြစ်သော ရုပ်ကြွင်းလောင်စာ (Fossil Fuels)ရေနံနှင့် သဘာဝဓာတ်ငွေ့တို့ကို အမြောက်အမြားထုတ်ယူနေကြသကဲ့သို့ အချို့နိုင်ငံများမှာ ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy)များဖြစ်ကြသည့် နေစွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင်၊ ဇီဝဒြပ်ထုစွမ်းအင်၊ ဇီဝဓာတ်ငွေ့စွမ်းအင်၊ ဒီရေလှိုင်းများမှ ရရှိသောစွမ်းအင်၊ ဘူမိအပူစွမ်းအင် စသည်တို့ဖြင့် ရုပ်ကြွင်းလောင်စာ (Fossil Fuels)ရေနံနှင့် သဘာဝဓာတ်ငွေ့တို့နေရာတွင် ကုန်ကျစရိတ်နည်းနည်းဖြင့် မျက်မှောက်ကာလအထိ အစားထိုးထုတ်လုပ်ရရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသော်လည်း ကုန်ကျစရိတ်များနေသေးသဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို ပြန်ပြည့်မြဲစွမ်းအင်ထက် လေပုံသုံးပုံခန့် ပိုမိုအားထားနေရဆဲဖြစ်ပါသည်။

ထိုကဲ့သို့ အားထားနေရသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ခေတ်မီနည်းစနစ်အမျိုးမျိုးဖြင့် ထုတ်ယူသုံးစွဲလျက်ရှိရာ အလွန်အကျွံထုတ်ယူပါက နောင်နှစ်ပေါင်းလေးဆယ်၊ငါးဆယ်ခန့်တွင် ကုန်ခန်းသွားနိုင်ကြောင်း စွမ်းအင်ပညာရှင်များက ခန့်မှန်းထားကြသည်။ နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် စွမ်းအင်ကိုပိုမိုသုံးစွဲနေရပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့အစား ပြန်ပြည့်မြဲစွမ်းအင်များကို အစားထိုးသုံးစွဲရန် တစ်ဖက်က ကြိုးစားနေသကဲ့သို့ တစ်ဖက်ကလည်း စွမ်းအင်ကို အလေအလွင့်နည်းနိုင်သမျှနည်းအောင် သုံးစွဲတတ်စေရန် သရုပ်ပြစီမံကိန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူများအား ပညာပေးစည်းရုံးခြင်း၊ဆုတံဆိပ်များ ချီးမြှင့်ခြင်းတို့ဖြင့် နိုင်ငံ အသီးသီးရှိအဖွဲ့အစည်းများက ဆောင်ရွက်နေကြပါသည်။

စွမ်းအင်ဝန်ကြီးဌာနသည် အာဆီယံအဖွဲ့သို့ ဝင်ရောက်ပြီးနောက် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးကို အထောက်အကူဖြစ်စေရန်အတွက် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ASEAN Centre for Energy)နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (Ministry of Economy,Trade and Industry-METI)၏ အထောက်အပံ့ဖြင့် စွမ်းအင်ထိရောက်စွာအသုံးချရေးနှင့် ခြိုးခြံချွေတာရေးမြှင့်တင်မှု (Promotion of Energy Efficency and Conservation-PROMEEC) ဆိုင်ရာ စီမံကိန်းအစီအစဉ်အောက်ရှိ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ် (ASEAN Energy ward- AEA) ပြိုင်ပွဲများသို့ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နေမှုအကြောင်းကို တင်ပြလိုပါသည်။

စွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲကို အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ စက်ရုံနှင့် အဆောက်အအုံများတွင် စွမ်းအင်စီမံခန့်ခွဲမှုစနစ်ကို အကောင်းဆုံးနှင့် အထိရောက်ဆုံးတိုးမြှင့်သုံးစွဲလာတတ်စေရန် စွမ်းအင်ကို အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲလာတတ်စေရန်အတွက် ဆန်းသစ်တီထွင်ပြီး တိုးတက်ကောင်းမွန်သောနည်းစနစ်များ ပေါ်ထွန်းလာစေရန် အာဆီယံနိုင်ငံများအတွင်း စီးပွားရေးတိုးတက်မြင့်မားမှုကို အထောက်အကူဖြစ်စေမည့် စီမံကိန်းလုပ်ငန်းများ တိုးပွားလာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်လာခဲ့ပါသည်။

မူလစတင်ခဲ့စဉ်က ပြိုင်ပွဲအမျိုးအစား နှစ်မျိုးကိုသာ ခွဲခြားထားရာ စွမ်းအင်ထိရောက်စွာ အသုံးပြုထားသော အဆောက်အအုံများ (Energy Efficient Building -EEB) ပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်း (Renewable Energy Project-RE) ပြိုင်ပွဲတို့ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် အဆောက်အအုံနှင့် စက်ရုံများ၌ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှု (Energy Management -EM) ပြိုင်ပွဲ၊ ၂၀၀၈ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်သည့် လူပုဂ္ဂိုလ်များကို ရွေးချယ်ချီးမြှင့်သည့် အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲသည့် ပုဂ္ဂိုလ် (Excellence in Energy Management by Individuals) ဆုတို့ ထပ်မံပါဝင်လာပြီး ၎င်းပြိုင်ပွဲများမှ စွမ်းအင်ထိရောက်စွာအသုံးပြုထားသော အဆောက်အအုံများပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံ ကိန်းပြိုင်ပွဲ၊ အဆောက်အအုံများနှင့် စက်ရုံများ၏ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲတို့တွင် အတန်းအစား (Category)များ ထပ်မံခွဲခြားထားပါသည်။ အကောင်းဆုံး စွမ်းအင်စီမံခန့်ခွဲသည့် ပုဂ္ဂိုလ်ဆုသည် ပြိုင်ပွဲဝင်အဆိုပြုလွှာဖြင့် တင်ပြရွေးချယ်ခြင်းမဟုတ်ပဲ အဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်သည့်လူပုဂ္ဂိုလ်များကို အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာနမှ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပေးပို့ယှဉ်ပြိုင်လာသော ပြိုင်ပွဲဝင်အဆိုပြုလွှာများကို နှစ်စဉ် ဧပြီလလယ်ခန့်နှင့် မေလလယ်ခန့် နောက်ဆုံးထား၍ အင်ဒိုနီးရှားနိုင်ငံရှိ အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာနသို့ ပေးပို့ရပါသည်။ ဆုတံဆိပ်များရွေးချယ်ရန် အဖွဲ့ဝင်တစ်နိုင်ငံစီမှ ပြိုင်ပွဲအမျိုးအစားသုံးမျိုးအတွက် သက်ဆိုင်ရာပြိုင်ပွဲအလိုက် အကဲ ဖြတ်ဒိုင် (Board of Judges-BOJ) တစ်ဦးစီကို ရွေးချယ်တာဝန်ပေး၍ BOJ အစည်းအဝေးကျင်းပကာ ပြိုင်ပွဲအမျိုးအစားအလိုက် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ လိုက်နာရမည့်လမ်းညွှန်ချက် (Guideline)များ အမှတ်ပေးစည်းမျဉ်း (Marling Scale) များနှင့်အညီ အကဲဖြတ်စိစစ်ရွေးချယ်ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံများမှ ပါဝင်ယှဉ်ပြိုင်ကြရာတွင် ဒေသတွင်းအားကစား အဆင့်အတန်းကိုပြသပြီး ကမ္ဘာ့အဆင့်သို့ တက်ရောက်နိုင်သည်အထိ မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်ကြသည်ကို အများသိရှိကြပြီး ဖြစ်ပါသည်။ ထို့အတူ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲတွင် သက်ဆိုင်ရာနိုင်ငံကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်ရာ၌ ဆုအသီးသီးရရှိခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မိမိနိုင်ငံ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်မြှင့်တင်ရာရောက်ပေသည်။ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲဆုချီးမြှင့်ခြင်းကို အဖွဲ့ဝင်နိုင်ငံများတွင် တစ်နှစ်တစ်ကြိမ်အလှည့်ကျကျင်းပပြုလုပ်သည့် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအပြီး ညစာစားပွဲ (Gala Dinner)နှင့်အတူ ဆုရရှိသည့် အဖွဲ့အစည်းများကို ခမ်းနားသိုက်မြိုက်စွာ အခမ်းအနားဖြင့် ချီးမြှင့်လေ့ရှိပါသည်။ ၂၀၁၃ ခုနှစ်အတွက် (၃၁)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံဘာလီကျွန်း၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သောအဖွဲ့နှင့်အတူ ဆုရရှိခဲ့သည့် အဖွဲ့အစည်းလေးခုအနက် အဖွဲ့အစည်းနှစ်ခုမှ ဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါပြိုင်ပွဲများသို့ ၂၀၀၂ ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ထိုနှစ်မှာပင် စွမ်းအင်ထိရောက်စွာ အသုံးပြုထားသော အဆောက်အအုံများပြိုင်ပွဲတွင် ရန်ကုန်မြို့ပြည်လမ်းရှိ ကမ္ဘောဇဘဏ်အဆောက်အအုံက ပထမဆု(Winner) ရရှိခဲ့ရာ မြန်မာနိုင်ငံ အင်ဂျင်နီယာများ၏ အရည်အသွေးကို ပြသနိုင်ခဲ့ပြီး အာဆီယံနိုင်ငံများအတွင်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါသည်။

အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ နှစ်စဉ်နှစ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စွမ်းအင် ဝန်ကြီးဌာန၊ စွမ်းအင်နှင့် ဆက်စပ်သော ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များနှင့် မီဒီယာကဏ္ဍမှ ပုဂ္ဂိုလ်များပါဝင်ကာ စုစုပေါင်း ပုဂ္ဂိုလ် ၂၆ ဦးဖြင့် ရွေးချယ်စိစစ်ရေး အမျိုးသားကော်မတီကို ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပါသည်။ စွမ်းအင်ဝန်ကြီးဌာန၏ ဦးဆောင်မှု၊ အခြားဝန်ကြီးဌာနများနှင့် စွမ်းအင်ကို စိတ်ပါဝင်စားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်မှု၊ စွမ်းအင်အကျိုးရှိထိ ရောက်စွာသုံးစွဲရေးကို အားပေးသည့် ယှဉ်ပြိုင်လိုစိတ်ပြင်းပြသော ပြိုင်ပွဲဝင်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ယှဉ်ပြိုင်မှုတို့ ကြောင့် ပြိုင်ပွဲခေါင်းစဉ်အမျိုးမျိုးတွင် အောက်ဖော်ပြပါ စုစုပေါင်းဆုတံဆိပ် ၁၇ ခုရရှိကာ အောင်မြင်မှုအသီးသီးကို ရရှိခဲ့ပါသည်။

စာမျက်နှာ ၁၀ သို့

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်နှင့် ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် (၃၁)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအပြီး ညစာစားပွဲ (Gala Dinner) တွင် မြန်မာနိုင်ငံမှ ၂၀၁၃ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲ၌ ဆုရရှိခဲ့သူတစ်ဦးမှ ဆုလက်ခံရယူစဉ်။

နှစ်အလိုက် မြန်မာနိုင်ငံမှ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ရရှိမှု အခြေအနေ

ခုနှစ်	ပြိုင်ပွဲဝင်စီမံကိန်းအမည်	ပြိုင်ပွဲကဏ္ဍခွဲအမျိုးအစား	ရရှိသည့်ဆုအမျိုးအစား
၂၀၀၂	ကမ္ဘောဇဘဏ်အဆောက်အအုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့	Special Submission: Appropriate Technology	Winner
၂၀၀၅	ပုပ္ပားတောင်ဟိုတယ်၊ ပုပ္ပားတောင်၊ မန္တလေးတိုင်းဒေသကြီး	Tropical Building Category-	Winner
၂၀၀၆	စပါးခွံလောင်စာဖြင့် ကျေးရွာမီးလင်းရေးစီမံကိန်း၊မြန်မာတီထွင်သူများ သမဝါယမအသင်း၊သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်	RE Project Competition:Off-Grid Category	2nd Runner-Up
၂၀၀၇	မင်္ဂလာဂါးဒင်းဟိုတယ်၊ပြည်မြို့	Tropical Building Category	Winner
၂၀၀၈	ဒီရေဖြင့် ကျေးလက်ဒေသမီးလင်းရေးစီမံကိန်း၊ကမ္ဗလာကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး	RE Project Competition:On-Grid Category	1st Runner-Up
	Bay of Bengal Resort၊ ငွေဆောင်၊ ဧရာဝတီတိုင်းဒေသကြီး	Energy Efficient Buildings: Tropical Category	1st Runner-Up
	ဦးစိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)အာဆီယံစွမ်းအင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီး၊ စွမ်းအင်ဝန်ကြီးဌာန		Excellent in Energy Management
၂၀၀၉	ရွှေအင်းသားရေပေါ်ဟိုတယ်၊ အင်းလေး၊ ရှမ်းပြည်နယ်	ASEAN EE&C Best Practices Competition for Energy Efficient Buildings:Tropical Building Category	Winner
	Belle Resort ၊ချောင်းသာကမ်းခြေ၊ ပုသိမ်မြို့နယ်	ASEAN EE&C Best Practices Competition for Energy Efficient Buildings: Tropical Building Category	2nd Runner-Up
	ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး အသေးစားရေအားလျှပ်စစ်စီမံကိန်း(မမြဆည်)၊ ဧရာဝတီတိုင်းဒေသကြီး၊	RE Project Competition:On-Grid Category	Winner
	ဦးအောင်ကြည်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊စက်မှုဝန်ကြီးဌာန		Excellent in Energy Management

နှစ်အလိုက်အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ရရှိမှုအခြေအနေ

ခုနှစ်	ပြိုင်ပွဲဝင်စီမံကိန်းအမည်	ပြိုင်ပွဲကဏ္ဍခွဲအမျိုးအစား	ရရှိသည့်ဆုအမျိုးအစား
၂၀၁၀	Multi Purpose Biomass Gasifier of Myanmar(Kaung Kyaw Say Co.,Ltd.)	RE Project Competition:Off Grid Category	1st Runner-Up
	နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ရရှိရေးနှင့်မြစ်ရေတင်လုပ်ငန်းစီမံကိန်း၊ အောက်ပြွန်ဝကျေးရွာ၊ ပထမမြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်	RE Project Competition: Off Grid Category	2nd Runner-Up
၂၀၁၃	အမှတ်(၈)ချည်မျှင်နှင့်အထည်စက်ရုံ၊ ပျော်ဘွယ်မြို့	Energy Management Small and Medium Industries Category	Winner
	နေရောင်ခြည်စွမ်းအင်သုံးဆေးအခြောက်ခံခန်း၊ FAME Pharmaceutical၊ လှိုင်သာယာ၊ ရန်ကုန်မြို့	Energy Management:Special Submission- Industry Category	Winner
	ဇီဝဓာတ်ငွေ့သုံးကျေးလက်လျှပ်စစ်မီးပေးရေးစီမံကိန်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၊ ကျောက်ဆည်၊ မန္တလေးတိုင်းဒေသကြီး၊	Energy Management: Special Submission-Industry Category	1st Runner-Up
	ဝါးဖြင့်ဆောက်လုပ်ထားသော မုန်တိုင်းဒဏ်ခံ အထက်တန်းကျောင်းအဆောက်အအုံ၊ အကယ်ချောင်းဝကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး	Energy Efficient Buildings: Building;Tropical Building	2nd Runner-Up

လူငယ်ရေးရာကဏ္ဍ

ဘက်စုံထူးချွန်သည့် နိုင်ငံ့အနာဂတ်ကြယ်ပွင့်များ၏ ဒုတိယအကြိမ်မြောက် ငွေဆောင်ခရီးစဉ်

သတင်း-မောင်စိန်လွင်
(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

ငွေဆောင် ဧပြီ ၂၇

နိုင်ငံတော်၏ ဦးဆောင်စီစဉ် လမ်းညွှန်မှု ပညာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်မှုဖြင့် နိုင်ငံတစ်ဝန်း ဘက်စုံပညာထူးချွန် မောင်မယ်များကို ဧပြီ ၂၈ ရက်မှ မတ်၅ ရက်အထိ မြန်မာနိုင်ငံအတွင်း အထင်ကရနှင့် ဗဟုသုတဖြစ်စေသည့် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်း၊ ရှမ်းပြည်နယ်၏ အထင်ကရဖြစ်သည့် အင်းလေးဒေသနှင့် မြန်မာ့ယဉ်ကျေးမှုထွန်းကားရာ ဒေသဖြစ်သည့် ပုဂံဒေသ သုံးနေရာတို့ကို ထူးချွန်စခန်းများဖွင့်၍ အပန်းဖြေလေ့လာရေး ခရီးစဉ်များအဖြစ် ပို့ဆောင်ပေးခဲ့သည်။ မြန်မာနိုင်ငံ၌ ၁၉၆၄မှ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း ၂၅ နှစ်တိုင်တိုင် လူရည်ချွန် လေ့လာရေးခရီးစဉ်များကို စေလွှတ်ခဲ့သည်။ ပထမအကြိမ် ခရီးစဉ်ကို ၂၀၁၃ ပညာသင်နှစ်က ပြန်လည်စတင်၍ ဘက်စုံပညာထူးချွန်လူငယ်များကို ယခုခရီးစဉ်များအတိုင်း ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ယခုဒုတိယအကြိမ် ငွေဆောင်ကမ်းခြေအပန်းဖြေစခန်း စခန်းတာဝန်ခံ၊ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ဘက်စုံထူးချွန်မောင်မယ်များ၏ ရင်တွင်းပျော်ရွှင်ခံစားမှုများကို မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

"ဒီနှစ်ငွေဆောင်ခရီးစဉ်ကို ပို့ဆောင်ပေးတဲ့ ဘက်စုံထူးချွန်လူငယ်မောင်မယ်တွေဟာ ဒါဒုတိယအကြိမ်ဖြစ်ပါတယ်။ အရင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကလည်း ဘက်စုံထူးချွန်သူတွေကို ခုလိုပဲစခန်းသုံးနေရာဖွင့်ပြီး နိုင်ငံတော်က အကုန်အကျခံပို့ဆောင်ပေးခဲ့တာပါ။ ဒီလိုဘက်စုံလူငယ်တွေကို နိုင်ငံတော်က အကုန်အကျခံပို့ဆောင်ပေးတဲ့ ရည်ရွယ်ချက်ကတော့ ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းတဲ့အပြင် အကျင့်စာရိတ္တကောင်းမွန်တဲ့ နိုင်ငံ့သား

ဦးအောင်မြင့်
ညွှန်ကြားရေးမှူး(ပညာ)
အမှတ်(၁)အခြေခံပညာ
ဦးစီးဌာန။

ကောင်းရတနာတွေ ပေါ်ထွန်းလာစေဖို့။ ပြီးတော့ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ စိတ်ပါဝင်စားမှုရှိဖို့၊ မှန်ကန်တဲ့အကျိုးပြုယှဉ်ပြိုင်မှုနဲ့ ဘက်စုံပညာအရည်အသွေးဖွံ့ဖြိုးစေဖို့၊ အများနဲ့ စုပေါင်းနေထိုင်တတ်တဲ့ အလေ့အကျင့်ကောင်းတွေရပြီး ဒေသန္တရဗဟုသုတတွေလည်း ပိုမိုကြွယ်ဝလာစေဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်က မျှော်မှန်းထားတဲ့ ဒီအနာဂတ်ကြယ်ပွင့်လေးများဟာ နောင်မှာ တိုင်းပြည်အတွက် စံနမူနာပြလူငယ်များအဖြစ် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအပေါ် ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်စေဖို့ ရည်ရွယ် ပို့ဆောင်ပေးခဲ့တာဖြစ်ပါတယ်"ဟု အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ဦးအောင်မြင့် ညွှန်ကြားရေးမှူး(ပညာ)က ထူးချွန်အနာဂတ်ကြယ်ပွင့်လေးများ၏ လေ့လာရေးခရီးစဉ်အမြင်ကို မြန်မာ့အလင်းသို့ပြောကြားခဲ့သည်။

ငွေဆောင် အပန်းဖြေလေ့လာရေးစခန်းသို့ ပို့ဆောင်ပေးသည့် ဘက်စုံထူးချွန်ကျောင်းသားများသည် နိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသည့် ကျောင်းသားကျောင်းသူများထဲမှ ပညာရေး၊ အထွေအထွေဗဟုသုတ၊ အားကစားနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာမှ အစ ဘက်စုံထူးချွန်သည့် မောင်မယ်များကို ရွေးချယ်စေလွှတ်ခြင်းဖြစ်သည်။ ငွေဆောင်အပန်းဖြေ လေ့လာရေးစခန်းသို့ နိုင်ငံတစ်ဝန်းမှ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသည့် ထူးချွန်မောင်မယ်များမှာ ကျောင်းသား ၈၈ ဦး၊ ကျောင်းသူ ၈၆ ဦးနှင့် ကြီးကြပ် ဆရာ ဆရာမ ၁၈ ဦး စုစုပေါင်း ၁၉၂ ဦး လိုက်ပါလာခဲ့သည်။

"ကျွန်မက ဒါပထမဦးဆုံးအကြိမ် ငွေဆောင်ကို ရောက်ရှိတာဖြစ်ပါတယ်။ ကြီးကြပ်သူ ဆရာမတစ်ဦးအနေနဲ့ပါ။ ဆရာမတို့ကျောင်းက တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦးပါ ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)အနေနဲ့ကတော့ အားလုံးပေါင်း ၁၀ ဦး လိုက်ပါလာတာပါ။ လိုက်ပါလာတဲ့ ကလေးတွေကလည်း အားလုံးဘက်စုံထူးချွန်တဲ့ ကလေးတွေဖြစ်ပါတယ်။ သူတို့တစ်တွေကို မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် အဆင့်ဆင့် ဘက်ပေါင်းစုံက စာမေးပွဲတွေဖြေဆိုပြီး ထူးချွန်မှ အခုလိုလိုက်ခွင့်ပြုတာဖြစ်ပါတယ်။ သူတို့တစ်တွေဟာ နောင်အနာဂတ်ကြယ်ပွင့်လေးတွေပါ။ နောင်အနာဂတ်တိုင်းပြည်ကို မလွဲမသွေဦးဆောင်ရမယ့် သားကောင်းရတနာလေးတွေကို နိုင်ငံတော်က အခုလိုအကုန်အကျခံ ပို့ဆောင်ပေးတာဟာ တကယ်ကိုကောင်းမွန်ပါတယ်။ တိုင်းပြည်အပေါ် ချစ်စိတ်၊ ကြိုးစားချင်စိတ်၊ ရိုင်းပင်း

ဒေါ်စုစုသွင် (အထက်တန်းပြဆရာမ၊ အထက-၁ ပင်းတယ)။

ကူညီချင်စိတ်၊ ပူးပေါင်းပါဝင်တတ်တဲ့ အကျင့်ကောင်းတွေ ဒီခရီးစဉ်ကနေ အမှန်တကယ်ရရှိမှာဖြစ်ပါတယ်။ ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရပါဘူး။ ကျွန်မတို့တစ်တွေလည်း သူတို့လေးတွေကို လိုက်ပြီးကြီးကြပ်ပေးရတယ်ဆိုပေမယ့် မပင်ပန်းပါဘူး။ ဝမ်းသာပီတိဖြစ်မိတာ အမှန်ပါပဲ"ဟု အထက(၁)ပင်းတယမှ အထက်တန်းပြဆရာမ ဒေါ်စုစုသွင်က ပြောသည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်းကျောင်းပေါင်းစုံမှ တက္ကသိုလ်ဝင်တန်း ထူးချွန်မောင်မယ်များကို ငွေဆောင်သို့လည်းကောင်း၊ နဝမတန်း ဘက်စုံထူးချွန်ကျောင်းသားများကို အင်းလေးသို့လည်းကောင်း၊ အဋ္ဌမတန်းဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများကို ပုဂံ-ညောင်ဦးသို့လည်းကောင်း ငါးရက်တိုင်တိုင် လေ့လာအပန်းဖြေ ခရီးစဉ်အဖြစ် ပို့ဆောင်ပေးပြီး မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် နေပြည်တော်ပြန်လည်ပေါင်းစည်းရေးစခန်း၌ စုဆုံပြီး နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဆက်လက်အပန်းဖြေလေ့လာကြမည်ဖြစ်သည်။

" ကျွန်မက ဒီကိုပထမဦးဆုံးအကြိမ် လာရောက်အပန်းဖြေလေ့လာဖူးတာပါ။ အခုလိုလိုက်ပါရဖို့ မြို့နယ်၊ ခရိုင်တွေမှာ ဘာသာပေါင်းစုံ သွားရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ရပါတယ်။ လပတ်စာမေးပွဲတိုင်းလည်း အမှတ်ကောင်းကောင်းရခဲ့ပါတယ်။ ဖြေထားတဲ့ တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာလည်း အနည်းဆုံးတော့ ဂုဏ်ထူးလေးဘာသာ မျှော်မှန်းထားပါတယ်။ ကျွန်မဝါသနာပါတာကတော့ ဆရာဝန်ပါ။ ဆရာဝန်ဖြစ်ရင်လည်း ထူးချွန်ပြီး နိုင်ငံခြားတွေကိုပါသွားရောက်ပညာသင်ကြားရတဲ့ ဆရာဝန်ကောင်းတစ်ယောက်၊ တိုင်းပြည်ကို အကောင်းဆုံးကူညီထောက်ပံ့ပေးနိုင်တဲ့ ဆရာဝန်ကောင်းတစ်ဦးဖြစ်အောင် ကျွန်မကြိုးစားသွားမှာပါ။ အခုလို ကျွန်မတို့ လူငယ်တွေကို အကုန်အကျခံပို့ဆောင်ပေးတဲ့ နိုင်ငံတော်နဲ့ လိုက်လံကြီးကြပ်ပေးတဲ့ ဆရာ ဆရာမတွေကိုလည်း အတိုင်းမသိ ကျေးဇူးတင်ပါတယ်"ဟု ရမည်းသင်းမြို့နယ် ရွာတန်းအထကမှ မခင်ဝင်းသန့်က ပြောကြားခဲ့သည်။

ငွေဆောင် အပန်းဖြေလေ့လာရေးစခန်းသို့ သွားရောက်လည်ပတ်သည့် တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများသည် ဧပြီ ၂၆ ရက် နံနက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် စိန့်ဂျွန်းကျောင်းမှ နံနက် ၆ နာရီတွင် ခရီးစတင်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် ငွေဆောင်သို့

မခင်ဝင်းသန့်
ရွာတန်းအထက။

ရောက်ရှိသည်။ ဧပြီ ၂၈ ရက် (ယနေ့) နံနက် ၇ နာရီခွဲတွင် အပန်းဖြေလေ့လာရေးစခန်းဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ ပုဂံ-ညောင်ဦးဒေသသို့ လေ့လာရေးခရီးရောက်ရှိ

ညောင်ဦး ဧပြီ ၂၇

၂၀၁၄ ခုနှစ် အဋ္ဌမတန်းဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ လေ့လာရေးအဖွဲ့သည် ပုဂံ ညောင်ဦးဒေသသို့ လေ့လာရေးခရီးစဉ်အဖြစ် ဧပြီ ၂၆ ရက်ညနေ ၃ နာရီခွဲက မိတ္ထီလာမြို့မှတစ်ဆင့် ပုဂံ-ညောင်ဦးဒေသ အပန်းဖြေစခန်း (ပုဂံ)သို့ ရောက်ရှိခဲ့ကြသည်။

(အောက်ပုံ)

အဆိုပါ ဘက်စုံပညာထူးချွန်လူငယ်များအဖွဲ့ လေ့လာရေးခရီးစဉ်တွင် အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ကြီးကြပ်သူများအဖြစ် ဆရာကိုးဦး၊ ဆရာမကိုးဦးလိုက်ပါလျက် ကျောင်းသား ၈၉ ဦး၊ ကျောင်းသူ ၈၇ ဦး စုစုပေါင်း ၁၇၆ ဦးတို့ပါဝင်ကြောင်း သိရသည်။ ထို့နောက် ညနေ ၄ နာရီခွဲတွင် ဆရာ ဆရာမများနှင့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ တစ်ဦးချင်း တွေ့ဆုံမိတ်ဆက်ပွဲကို ပုဂံအထကကျောင်းခန်းမ၌ ကျင်းပခဲ့ပြီး ည ၇ နာရီခွဲတွင် ဖျော်ဖြေရေးအစီအစဉ်အဖြစ် ရုပ်သေးပညာရှင်များတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုအဖွဲ့သည် အပန်းဖြေစခန်း (ပုဂံ)တွင် ဧပြီ ၂၆ ရက်မှ မေ ၁ ရက်အထိ တည်းခိုနေထိုင်မည်ဖြစ်ပြီး ပုဂံ-ညောင်ဦးဒေသမှတစ်ဆင့် ပတ်ဝန်းကျင်မြို့များဖြစ်သော ချောက်၊ စလေ၊ ပုပ္ပား၊ ပခုက္ကူစသည့်မြို့များသို့လည်း လေ့လာရေးခရီးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

ဘက်စုံပညာထူးချွန်လူငယ်များ ပုသိမ်မြို့သို့ရောက်ရှိ

ပုသိမ် ဧပြီ ၂၇

ပညာရေးဝန်ကြီးဌာနမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တက္ကသိုလ်ဝင်တန်း ဘက်စုံပညာထူးချွန်လူငယ်များသည် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ငွေဆောင်အပန်းဖြေစခန်း တာဝန်ခံ စခန်းမှူးဦးအောင်မြင့် ဦးဆောင်၍ ကြီးကြပ်သူများ၊ တာဝန်ခံ ဆရာ ဆရာမများဦးဆောင်လျက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ဧပြီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရောက်ရှိလာရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်း၊ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအေးကျော်တို့က ပုသိမ်ဟိုတယ်၌ ကြိုဆိုကြသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တွေ့ဆုံပွဲတွင် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ငွေဆောင်အပန်းဖြေစခန်းတာဝန်ခံ စခန်းမှူး ဦးအောင်မြင့်က မိတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် နံနက်စာအတူစားသုံးကြပြီး မွန်းလွဲပိုင်းတွင် ငွေဆောင်အပန်းဖြေစခန်းသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

အဖွဲ့တွင် အုပ်ချုပ်သူ ၁၈ ဦး၊ ကြီးကြပ်ဆရာမ ၁၂ ဦးနှင့် ထူးချွန်ကျောင်းသား ၈၈ ဦး၊ ကျောင်းသူ ၈၆ ဦးတို့လိုက်ပါလာကြသည်။ ဧပြီ ၂၆ ရက်မှ မေ ၄ ရက်အထိ ငွေဆောင်ကမ်းခြေတွင် အပန်းဖြေအနားယူခြင်း၊ ဒေသန္တရဗဟုသုတရှာမှီးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါအဖွဲ့တွင် နှစ်ထပ်ကွမ်းထူးချွန်ကျောင်းသား ၃၄ ဦးနှင့် ထူးချွန်ကျောင်းသူ ၃၆ ဦးလည်း လိုက်ပါလာကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြည်တွင်းသတင်း

ပြည်သူများ၏သတင်းအချက်အလက်ရရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်

မုံရွာ မေ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူမှုအသိုက်အဝန်းနှင့်လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်ခြင်းအခမ်းအနားကို မေ ၂၇ ရက် နံနက် ၈ နာရီက မုံရွာမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုများသို့ DVB-T2 Set Top Box များလှူဒါန်းစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရား လွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မုံရွာခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြု အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုအရ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း၊ အများပြည်သူ အကျိုးစီးပွားအတွက် အလျင်အမြန် အကျိုးသက်ရောက်မှုရရှိစေသော ဝန်ဆောင်မှုများပေးနိုင်ရန် အတွက်လည်းကောင်း၊ ပြည်သူဗဟိုပြုသော လုပ်ငန်းစဉ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲသည့်အခါ အထိုက်အလျောက်ထိခိုက်နစ်နာဖွယ်ရှိသူများအား အကာအကွယ်ပေးရမည့် တာဝန်ဝတ္တရားရှိမှုအရလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရုပ်သံလိုင်းများကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲသည့်အခါ နောက်ကျကျန်မှုကို ကျော်လွှားနိုင်ရေးအတွက်အထောက်အကူပြုသည့်အနေဖြင့် Digital ထုတ်လွှင့်သည့်စက်များကို ပြောင်းလဲတပ်ဆင်ပြီး ယင်းထုတ်လွှင့်မှုကို ဖမ်းယူသည့် Set Top Box များကို လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ယနေ့ လှူဒါန်းမှုတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူမှုအဖွဲ့အစည်း ၂၉၇၀ ခုနှင့် လူနေမှုအဆင့် (E) ရှိသော ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု ၂၁၄၈၄ စုတို့အတွက် Set Top Box အလုံးရေ ၂၄၄၅၄ လုံးကို ပေးအပ်လှူဒါန်းခြင်းဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ယနေ့ ခေတ်ကာလသည် ရွာလေးတစ်ရွာသာဖြစ်နေသည့် ကမ္ဘာကြီးတွင်လည်း မီဒီယာများ၏လွှမ်းခြုံမှုအင်အားသည် အလွန်ပင်ကြီးမားလှပါကြောင်း၊ ကမ္ဘာ့ပြည်သူများကလည်း မီဒီယာများ၏ ခေါ်ဆောင်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါဆောင်ရွက်နေသည့် ခေတ်ကာလကြီးပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အောင်အောင်မြင်မြင် တည်ဆောက်နိုင်ရန် အရေးကြီးသည့်ကာလပင်ဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးခိုင်ခံ့ရန်လည်း လိုအပ်သည့် အချိန်အခါဖြစ်ပါကြောင်း။ ထို့ကြောင့် နိုင်ငံတော်၏ဒီမိုကရေစီပြု ပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်နေချိန်တွင် မြန်မာ့မီဒီယာများကိုလည်း ခေတ်စနစ်နှင့် လျော်ညီစွာ မီဒီယာဝန်းကျင်တစ်ခု ဖြစ်လာစေရန်အတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရ မည်ဖြစ်ပါကြောင်း။

ပြည်သူလူထုဗဟိုပြုပြီး ပြည်သူများအတွက် ဦးစားပေးအလေးထားဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ပြည်သူများ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်လာကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ပြင် အများပြည်သူအကြား မီဒီယာနည်းလမ်းများဖြင့် သတင်းအမှန်များကို ပြန်ကြားပေးနေသည့်အတွက်ပြည်သူများ သိသင့်သိထိုက်သည်များနှင့် ပြည်တွင်း ပြည်ပသတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် အချိန်တိုအတွင်း အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သည့် အသိပညာ ဗဟုသုတများ တိုးပွားလာနိုင်မည် ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က စစ်ကိုင်း တိုင်း ဒေသကြီးအတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူမှုရေးအဆင့် (E) အိမ်ထောင်စုများအတွက် DVB-T2 Set Top Box များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက DVB-T2 Set Top Box များကို တာဝန်ရှိသူများထံပေးအပ်ပြီး ဒေသခံပြည်သူတစ်ဦးက DVB-T2 Set Top Box များ အခမဲ့ပေးအပ်လှူဒါန်းခြင်းအတွက် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာဦးဘိုဘိုထွန်းက DVB-T2 Set Top Box တပ်ဆင်အသုံးပြုပုံကို လက်တွေ့သရုပ်ပြရှင်းလင်းပြသသည်။

အဆိုပါ DVB-T2 Set Top Boxများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံ ကြားမှ ထုတ်လွှင့်နေသော MRTV, MITV, တောင်သူလယ်သမား ရုပ်သံလိုင်း၊ လွှတ်တော်ရုပ်သံလိုင်းနှင့် တိုင်းရင်းသားရုပ်သံလိုင်းများ၊ မြဝတီရုပ်မြင်သံကြားမှထုတ်လွှင့်နေသော ရုပ်သံလိုင်းများ၊ Forever Group မှ ထုတ်လွှင့်သော MRTV-4 အပါအဝင် ရုပ်သံလိုင်းလေးလိုင်း စုစုပေါင်းရုပ်သံလိုင်း ၁၆ လိုင်းခန့်ကို အခမဲ့ဖမ်းယူကြည့်ရှုနိုင်ကြောင်းနှင့် ဖမ်းယူသည့် Set Top Box ကို လျှပ်စစ်မီး AC နှင့်သော်လည်းကောင်း၊ ဘက်ထရီ DC ဖြင့်သော်လည်းကောင်း အသုံးပြုနိုင်အောင် ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် မုံရွာမြို့ရှိ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယမန်နေ့ကလည်း စစ်ကိုင်းမြို့ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများ၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လူထုပညာပေးရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် စာပေရေချမ်းစင်များ၊ Digital Library များကို ပြည်သူများ လွယ်လင့်တကူ ဖတ်ရှုနိုင်ရန်အတွက် လူစည်ကားရာရုံးဌာနများ၊ ကျောင်း၊ ဈေး၊ ကားဂိတ်နှင့် သဘော်ဆိပ်များတွင် ပြည်သူများလက်လှမ်းမီ ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ထမ်းများအနေဖြင့် မိမိတို့ပေးလိုသည့် လူထုအသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုထံသို့ ရောက်ရှိအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ထို့အတူ ပြည်သူများ၏ သတင်းအချက်အလက်ရရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်အတွက် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူများအား ဖျော်ဖြေရေးအတွက် ရုပ်သံလိုင်းများကို Analogue စနစ်မှ Digital စနစ်သို့ကူးပြောင်း၍ DVB-T2 စနစ်ဖြင့် ပြောင်းလဲ ထုတ်လွှင့်ရေးကိုလည်း အဆင့်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာ့အသံ၊ ရေဒီယိုကိုလည်း ယခုထက်အသံပိုမိုကြည်လင်ပြတ်သားစွာ ဖမ်းယူနားဆင်နိုင်ရန်အတွက်လည်း FM လွှင့်စက်များကို လူဦးရေထူထပ်သောမြို့ကြီးများနှင့် နယ်စပ်ဒေသမြို့များတွင် စတင်တပ်ဆင်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သော ပြည်သူလူထုသို့ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဗောဓိတစ်ထောင် ထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက်များဖြင့် ရုပ်သံလိုင်းများထုတ်လွှင့်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လူနာနှင့် ဆရာ ဆရာမများ သက်သောင့်သက်သာရှိစေရေးတည်ဆောက်

ရန်ကုန် မေ ၂၇

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် မေ ၂၆ရက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး၊ လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်း၊ ဌာနတာဝန်ရှိသူများနှင့်အတူ ထန်းတပင်၊ အလုပ်သမားဆေးရုံကြီးပြုပြင်မွမ်းမံ တည်ဆောက်ခြင်းနှင့်ခွဲစိတ်ဆောင်အသစ် တည်ဆောက်ခြင်းလုပ်ငန်း အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ထန်းတပင် အလုပ်သမားဆေးရုံကြီး ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းနှင့် ခွဲစိတ်ဆောင်အသစ် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံ ပြုပြင်မွမ်းမံမှုနှင့်အတူ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကိုပါတစ်ပါတည်း ဆောင်ရွက်သွားရန်၊ ခွဲစိတ်ဆောင်အသစ်ကို GMP Standard နှင့်အညီ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်သွားရန်၊ ခွဲစိတ်ဆောင်အသစ်တွင် အသုံးပြုမည့် ပစ္စည်းကိရိယာများကိုလည်း GMP Standard နှင့်အညီ အရည်အသွေးကောင်းမွန်သည့် ပစ္စည်းကိရိယာများကိုသာ အသုံးပြုရန် လူနာနှင့် ဆရာ ဆရာမများအတွက် စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး သက်သောင့်သက်သာရှိစေရေးအတွက် ဘက်စုံထောင့်စုံမှ စဉ်းစားတည်ဆောက်သွားရန်နှင့် အညစ်အကြေးစွန့်ပစ်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေးတို့အတွက် အထူးဂရုပြု တည်ဆောက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

အိမ်ရှင်မြန်မာမှ ရွှေတံဆိပ်ဆု တစ်ဆုကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး မီတာ (၂၀၀) လက်ဆင့်ကမ်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု တစ်ဆုစီကိုလည်းကောင်း အသီးသီး ရရှိကြသည်။ ယနေ့ပွဲစဉ်များတွင် အိမ်ရှင် မြန်မာမှ စုစုပေါင်း ရွှေတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အစိုးရ ပိုင်

အစိုးပ်လည်းရ

ဝန်းကျင်လှ

သစ်ပင်စိုက်ပျိုးကြ

✻ *ကျောဖုံးမှ*

မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် ယနေ့ပြည်သူ့ ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်မှုသည် အထက်က အမိန့်ပေးအုပ်ချုပ်ခြင်း မဟုတ်ဘဲ ဥပဒေနှင့်အညီ အုပ်ချုပ်ခြင်းဖြစ်ကြောင်း၊ လွှတ်တော်အတွင်း၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်အုပ်ချုပ်မှုအပေါ် ပြည်သူများကလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့က ဥပဒေနှင့်အညီ မအုပ်ချုပ်လျှင်၊ ပြည်သူက ဥပဒေကိုမလိုက်နာလျှင်၊ ဥပဒေချိုးဖောက်မှုများကို မထိန်းသိမ်းလျှင် ဥပဒေကို ချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတကြီးက ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရဖြစ်အောင်ဆောင်ရွက်ရမည်၊ ပြည်သူကို ဗဟိုပြုဆောင်ရွက်ရမည်ဟု ပြောကြားခဲ့ကြောင်း၊ ပြည်သူအခြေပြုအုပ်ချုပ်ဆောင်ရွက်ရာတွင် ယခင်က အထက်မှအောက် (Top-Down) ဖြစ်ခဲ့ပြီး ယခုအောက်မှအထက် (Bottom Up) စနစ်ဖြစ်ကြောင်း၊ ယင်းစနစ် ပီပီပြင်ပြင် ဖြစ်လာရန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များ၌ စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ကြောင်း။

လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းမှုမရှိ၊ တရားဥပဒေစိုးမိုးမှုမရှိ၊ အမျိုးသားပြန်လည်သင့်မြတ်မှု မရှိဘူးဆိုလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်မည်မဟုတ်ကြောင်း၊ လွှတ်တော်အတွင်း၌ ပါတီပေါင်း ၁၉ ခုမှ ကိုယ်စားလှယ်များ ပါဝင်လျက်ရှိကြောင်း၊ ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများ အကျိုးရှိမည့် ကိစ္စရပ်များကို ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဝါဒစွဲ မထားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များကို မေးကြည့်ပါက သိရှိနိုင်မည်ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ယခင်ခေတ်ကာလများကလည်း လုပ်ဆောင်ခဲ့ကြောင်း၊ ကြွေးကြော်သံများ၊ နှုတ်ပြောစကားများဖြင့် မလုံလောက်ပါကြောင်း၊ ကာယ၊ ဝစီ၊ မနောဆိုသကဲ့သို့ စဉ်းစား ပြောဆိုလုပ်ကိုင်ရန် လိုကြောင်း၊ အပြောနှင့်အလုပ် ညီညွတ်မှုရှိရန်၊ အပြောနောက်တွင် လက်တွေ့ပါရန် လိုကြောင်း၊ တိုင်းရင်းသားများကို အခြေခံဖွဲ့စည်းထားသည့် ပါတီများရှိကြောင်း၊ မည်သည့်ပါတီပင်ဖြစ်စေ ပြည်ထောင်စုအကျိုးအတွက် ဆောင်ရွက်မည်ဟူသော ရည်မှန်းချက်၊ ရည်ရွယ်ချက်တူညီကြကြောင်း၊ တစ်ပါတီနှင့်တစ်ပါတီ ရန်သူကဲ့သို့ သဘောထား၍ မရကြောင်း။

ကရင်ပြည်နယ်အတွင်း ယခင်က ငြိမ်းချမ်းမှုမရှိခဲ့၍ ပြည်သူများနေထိုင်လုပ်ကိုင်စားသောက်မှုမည်မျှ အခက်အခဲကြုံရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် နှစ်ဖက်လက်နက်ကိုင်အဖွဲ့များတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများလည်း ပါဝင်ရန်လိုအပ်ကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ဘားအံမြို့သို့ ပထမအကြိမ်လာရောက်စဉ် တင်ပြခဲ့သည်များကို အချိန် အတိုင်းအတာတစ်ခုအရ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လိုအပ်ချက် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ပြောကြားရန်လိုကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်အတွင်း၌ ဆောင်ရွက်နေသော်လည်း အချိန်အကန့်အသတ်ရှိပါကြောင်း၊ ခရီးစဉ်များအတွင်း တင်ပြချက်များသည် လွှတ်တော်အတွင်း တင်ပြချက်များထက်ထူးခြားသည်များကို ကြားသိရပါကြောင်း၊ ဒေသလိုအပ်ချက် ပြည်နယ်လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ တစ်တပ်တစ်အားပါဝင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းက ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီနှင့် ဖာပွန်မြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များနှင့် မြို့မိမြို့ဖများဖြစ်ကြသော ဖဒိုဦးအောင်ဆန်း၊ ဦးစောဟန်တင်၊ ဦးစိုးမြင့်၊ ဦးဘုဒ်မန်း၊ ဦးရဲမြင့်၊ ဦးစောဟာဒင်ရှော၊ ဦးလှတင်၊ ဦးစောထွဋ်ခေါင်လွင်၊ ဦးကြည်လွင်၊ ဦးအောင်မျိုး၊ ဦးသန်းရွှေ၊ ဦးညိုသိန်းထွန်း၊ ဦးမျိုးချစ်တို့က ဒေသဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

အလားတူ ဒေသခံပြည်သူများဖြစ်ကြသော ဘားအံမြို့နယ်မှ ဒေါ်အဖူး၊ ဦးစောအောင်ထွန်းမြင့်၊ ဦးစောထိန်ဝင်း၊ ဦးလှမြင့်၊ ဒေါ်စိန်စိန်ဦး၊ ဦးစောစိန်သန်း၊ ဒေါ်ခင်ခင်ထွေး၊ ဦးစောညဏ်ဝင်း၊ ဦးစောအောင်သိန်း၊ ဒေါ်နော်သက်သက်ခိုင်၊ ဦးမြင့်ရွှေ၊ ဦးစောမောင်ငြိမ်းနှင့် ဒေါ်နန်းခင်ထွေးတို့က အထွေထွေဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

လျှပ်စစ်မီးမရရှိသေးသည့် ဘူတာရုံငယ် ၁၀၀ ခန့်အား ဆိုလာစနစ်ဖြင့် မီးရရှိစေမည်

သတင်း - ခင်လေးမြင့်အောင်
ဓာတ်ပုံ - အေကေလင်း

ရန်ကုန် ဧပြီ ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်မီးမရရှိသေးသော ဘူတာရုံငယ် ၁၀၀ ခန့်ကို ဆိုလာအလင်းရောင်ဖြင့် လျှပ်စစ်မီးပေးဝေနိုင်ရေးအတွက် အလှူရှင်ကုမ္ပဏီတစ်ခုက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဘူတာရုံငယ်များမှာ ညအချိန်တွင် လျှပ်စစ်မီးမရရှိသည့်အတွက် မီးရထားဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အခက်အခဲရှိနေခြင်းကြောင့် ဆိုလာစွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သည့် ဂလောရပ်စ်မြန်မာကုမ္ပဏီလီမိတက်မှ လှူဒါန်းပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ လှူဒါန်းပွဲကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက ရန်ကုန်ဘူတာကြီးရှိ စခန်းသာဧည့်ခန်းမ၌ ကျင်းပခဲ့ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကာ အလှူရှင်က လှူဒါန်းသည့် ဆိုလာစွမ်းအင်ဖြင့် မီးပေးဝေသည့်စနစ်ပေါင်း ၁၀၀ ခန့်ကို လက်ခံယူခဲ့သည်။

ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်မီးရယူရာတွင် တစ်စုံလျှင်ဝပ်အား ၂၀ ရှိပြီး မီးတစ်လုံးထွန်းညှိပါက ၁၂ နာရီကြာ အထွန်းခံခြင်းကြောင့် ဘူတာရုံငယ်များအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ လျှပ်စစ်မီးမရရှိသည့် ဘူတာရုံ ၁၀၀ ခန့်ကို ယနေ့တွင် စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်-နေပြည်တော်-မန္တလေး မိုဘိုင်းဖုန်းနှင့် အင်တာနက်လိုင်းများ ဆက်သွယ်မှုယာယီပြတ်တောက်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၂၇

ယနေ့တွင် ရန်ကုန်-နေပြည်တော်-မန္တလေးအကြား ချိတ်ဆက်ထားသော မိုဘိုင်းဖုန်းဆက်သွယ်မှုများနှင့် အင်တာနက်လိုင်းများ ပြတ်တောက်မှုဖြစ်ပွားခဲ့ပြီး အရန်ဖိုင်ဘာလမ်းကြောင်းပေါ်သို့ ယာယီပြောင်းရွှေ့ခဲ့မှုကြောင့် နံနက် ၁၁ နာရီတွင် မိုဘိုင်းလိုင်းများအားလုံးနှင့် အင်တာနက်လိုင်းတချို့ ဆက်သွယ်မှုပြန်လည်ရရှိခဲ့သည်။

ပြတ်တောက်မှုဖြစ်ပေါ်နေသည့် ဖိုင်ဘာလမ်းကြောင်းနေရာများတွင် ပြန်လည်ပြင်ဆင်နေပြီး ညနေပိုင်းတွင်ပြီးစီးနိုင်ကြောင်းဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးစွာသိရှိရသည်။

ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်းတစ်လျှောက်ဆက်သွယ်ထားသော ရန်ကုန်-နေပြည်တော်-မန္တလေး အရန်ဖိုင်ဘာဆက်ကြောင်းသည် တောင်ငူမြို့နှင့် ရေတာရှည်မြို့အကြား ရေတာရှည်မြို့မှ ၄ ကီလိုမီတာခန့်အကွာတွင် မော်တော်ယာဉ်တစ်စီးနှင့် မတော်တဆတိုက်မိမှုကြောင့် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်၍ တောင်ငူမြို့မှ မြန်မာ့ဆက်သွယ်ရေးဝန်ထမ်းများသွားရောက်ပြုပြင်နေစဉ် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက်ဆက်သွယ်ထားသော ရန်ကုန်-နေပြည်တော်-မန္တလေး မြေအောက်ဖိုင်ဘာဆက်ကြောင်းကို မိုင်တိုင်အမှတ် ၈၉ အနီးတွင် မြေတူးစက် Back Hole တစ်စီး မြေတူးစဉ် မတော်တဆ ထိခိုက်မှုထပ်မံဖြစ်ပေါ်ခဲ့သောကြောင့် ရန်ကုန်-နေပြည်တော်-မန္တလေးအကြား ချိတ်ဆက်ထားသော မိုဘိုင်းလိုင်းများနှင့် အင်တာနက်လိုင်းများ ဆက်သွယ်မှုပြတ်တောက်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်မှု အမြန်ပြန်လည်ရရှိရေးအတွက် ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သော ရန်ကုန်-မန္တလေး အမြန်လမ်းဖိုင်ဘာလမ်းကြောင်းအား ပဲခူးမြို့နှင့် ပဲနွယ်ကုန်းမြို့အကြားတွင် ရန်ကုန်-မန္တလေးလမ်းဟောင်း အရန်ဖိုင်ဘာလမ်းကြောင်းပေါ်သို့ ယာယီပြောင်းရွှေ့ပေးခဲ့ရာ နံနက် ၁၁ နာရီတွင် ချွတ်ယွင်းခဲ့သည့် မိုဘိုင်းလိုင်းများအားလုံးနှင့် အင်တာနက်လိုင်းတချို့ ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ရန်ကုန်-မန္တလေးအမြန်လမ်းရှိ ဖိုင်ဘာလမ်းကြောင်းကို ပြင်ဆင်မှုပြီးစီးသွား၍ အင်တာနက်လိုင်းများ ပုံမှန်ပြန်လည်ရရှိခဲ့ကြောင်း သိရှိရသည်။

မြန်မာ့ဆက်သွယ်မှုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ အဓိကဖြစ်တဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမှာရှိတဲ့ ဖိုင်ဘာလမ်းကြောင်းကို ဒီနေ့ညနေ ၅ နာရီခွဲမှာ ပြင်ဆင်လို့ပြီးသွားခဲ့တယ်။ လမ်းဟောင်းနဲ့အမြန်လမ်းမှာ အဓိက ဖိုင်ဘာလမ်းကြောင်းနဲ့ အရန်ဖိုင်ဘာလမ်းကြောင်းဆိုပြီး နှစ်ခုရှိတာမှာ တိုက်တိုက်ဆိုင်ဆိုင်နှစ်ခုလုံး ချွတ်ယွင်းသွားတဲ့အတွက် အမြန်လမ်းကြောင်းမှာရှိတာကိုတော့ ပြင်ဆင်ပြီးသွားပါပြီ။ လမ်းဟောင်းမှာရှိတဲ့ ဖိုင်ဘာလမ်းကြောင်းကိုလည်း ဆက်လက်ပြင်ဆင်နေပါတယ်။ အခုတော့ အင်တာနက်လိုင်းတွေအားလုံးပြန်ရရှိသွားပါပြီဟု ပြောပြခဲ့သည်။ **(သတင်းစဉ်)**

လျှပ်စစ်အလင်းရောင်ဖြာတော့မည့် အင်းတော်ကြီး ဒေသတစ်ခွင်

ဝေယံ

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မိုးညှင်းခရိုင် အင်းတော်ကြီးဒေသသည် ဟိုပင်မြို့မှ ၁၇ ဒသမ ၇၅ မိုင်ကွာဝေးကာ တစ်နှစ်ပတ်လုံးရေရရှိသည့် သဘာဝဘေးမဲ့ရေအိုင်ကြီးတစ်ခုဖြစ်ပြီး ကျေးရွာပေါင်း ၁၈ ရွာ ဝိုင်းရံထားလျက်ရှိသည်။ အင်းတော်ကြီးဒေသတွင်

၃၃ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်နေပုံ။

နေထိုင်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြု ဆောင်ရွက်နေပြီးပင်ကိုရိုးသားဖော်ရွေမှု ရှိကြပါသည်။ ၁၈ မိုင် ပတ်လည်ကျယ်ဝန်းသော အင်းတော်ကြီးဒေသရှိ ရေအိုင်ကြီးတွင် သမိုင်းဝင်တန်ခိုးကြီး ရွှေမဥ္ဇူ ဘုရားတည်ရှိခြင်း၊ အရှေ့တောင်အာရှ၏ ရှားပါးငှက်များ၊ လိပ်ပြာများရှိခြင်း၊ အထူးသဖြင့် ဆောင်းရာသီကာလတွင် ကမ္ဘာအရပ်ရပ်မှ ဆောင်းခိုငှက်များသည် အင်းတော်ကြီးဒေသသို့ နှစ်စဉ်ရောက်ရှိလျက်ရှိခြင်းနှင့် ဒေသခံတိုင်းရင်းသားများ၏ ဖော်ရွေမှုများကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ပြည်တွင်းအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် လေ့လာရေးခရီးသည်များ လာရောက်သည့်နေရာလည်း ဖြစ်ပါသည်။

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးပါသော အချက်တစ်ချက်ဖြစ်သည်။ ယခုအခါ အင်းတော်ကြီးဒေသရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို နိုင်ငံတော်က ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ အင်းတော်ကြီးဒေသ ကျေးရွာများတွင် နမ့်မွန်နှင့် လုံးတုံကျေးရွာနှစ်ရွာသာ မီးစက်ဖြင့် တစ်ညနှစ်နာရီခန့် ဓာတ်အားရရှိပြီး ကျန်ကျေးရွာများသည် ဓာတ်အားမရရှိသေးပါ။ ကချင်ပြည်နယ် မိုးညှင်း၊ဟိုပင်မြို့များသည် အသေးစားရေအားလျှပ်စစ် စက် ၆၃၀ ကီလိုဝပ် နှစ်လုံးဖြင့် အချိန်ပိုင်းသာ ဓာတ်အားရရှိခဲ့ကြသည်။ ၉-၁၁-၂၀၁၃ရက်တွင် ချီဖွေလျှပ်စစ်ဓာတ်အား စက်ရုံမှ ထွက်ရှိသော ဓာတ်အားများကို မြစ်ကြီးနားမှတစ်ဆင့် မိုးကောင်း၊ ဟိုပင်၊ မိုးညှင်း မြို့များသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဟိုပင်မြို့သို့ ရောက်ရှိသော ဓာတ်အားစနစ်မှတစ်ဆင့် အင်းတော်ကြီးဒေသ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း ၆၆ ကေဗွီ ဓာတ်အားလိုင်းမှ ဟိုပင်မြို့တွင် ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေဓာတ်အားခွဲရုံ တည်ဆောက်လျက်ရှိသည်။ ၎င်းဓာတ်အားခွဲရုံမှ နမ့်မွန်ကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၇ ဒသမ ၇၅ မိုင်၊ နမ့်မွန်ကျေးရွာမှ ရွာသစ်ကျေးရွာအထိ အင်းတော်ကြီးအရှေ့ဘက်ခြမ်း ကျေးရွာများ ဓာတ်အားရရှိရန် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၄ မိုင်၊ နမ့်မွန်ကျေးရွာမှပင် ညောင်ပင်ရွာအထိ အင်းတော်ကြီး အနောက်ဘက်ခြမ်း ကျေးရွာများ ဓာတ်အားရရှိရန် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၃၁ ဒသမ ၅ မိုင်၊ အင်းတော်ကြီး အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ကျေးရွာများ ဓာတ်အားရရှိရန်အတွက် စုစုပေါင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆၃ ဒသမ ၂၅ မိုင် တည်ဆောက်လျက်ရှိသည်။

အင်းတော်ကြီးဒေသ မီးရရှိရန် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းအတွက် နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ သန်းနှင့် ငွေကျပ် ၂၂၄၈ ဒသမ ၉၅ သန်း ကုန်ကျခံ ဆောင်ရွက်ပေးခဲ့သည်။ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများသည် ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ရာ မေလဆန်းခန့်မှစတင်၍ အင်းတော်ကြီးဒေသသို့ ဓာတ်အားစနစ်က ဓာတ်အားများ ပို့လွှတ်ပေးနိုင်တော့မည် ဖြစ်ပါသည်။ အင်းတော်ကြီး ရွှေမဥ္ဇူဘုရား၊ အင်းတော်ကြီး ပတ်လည်ကျေးရွာ ၁၈ ရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသည်လည်း ၃၃ ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ကျေးရွာ မီးလင်းရေးများကို ဆက်လက်ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။

သဘာဝမှ ဖန်ဆင်းထားသော အလှတရားများနှင့် ပြည့်စုံတင့်တယ်လျက်ရှိသော အင်းတော်ကြီးဒေသနှင့် ပတ်ဝန်းကျင်ကျေးရွာများသည် လျှပ်စစ်မီးအလင်းရောင်ဖြာတော့မည်ဖြစ်၍ အလှတွင်အယဉ်ဆင့်သကဲ့သို့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများအားလုံး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါသည်။ ။

မကြာမီ ပြီးစီးတော့မည့် ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ဟိုပင်ဓာတ်အားခွဲရုံ

ပြည်တွင်းသတင်း

စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရာ၌ အချို့ပြိုင်ပွဲဝင် အဖွဲ့အစည်းများသည် ၎င်းတို့၏ စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ နည်းစနစ်၊ စွမ်းအင်စီမံခန့်ခွဲမှု ဆောင်ရွက်မှုများကို ပြန်လည်မွမ်းမံပြင်ဆင်၍ မလျှော့သောဇွဲလုံ့လဖြင့် အကြိမ်ကြိမ် ထပ်မံဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုရရှိသွားသည်ကို တွေ့ရှိရပါသည်။

စွမ်းအင်ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စွမ်းအင်ပမာဏများစွာ အသုံးပြုသည့် စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အအုံများ၌ စွမ်းအင်လေလွင့်ဆုံးရှုံးမှုလျော့နည်းအောင်ဆောင်ရွက်စေခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများတွင် ကုန်ကျစရိတ်သက်သာပြီး အခြားကုန်ထုတ်လုပ်ငန်းများနှင့်လည်း ယှဉ်ပြိုင်လာနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့ခြိုးခြံချွေတာလိုက်သည့် စွမ်းအင်ပမာဏကို လိုအပ်သည့် အခြားတစ်ဦးဦးကို မျှဝေသုံးစွဲရာရောက်သဖြင့် စွမ်းအင်သုံးစွဲနိုင်သည့် ဦးရေလည်း တိုးပွားလာမည်ဖြစ်ပေသည်။

၂၀၁၃ ခုနှစ်အတွက် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်မြင်ခဲ့သည့် အဖွဲ့အစည်းများကို အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ ဆုတံဆိပ်များချီးမြှင့်ခဲ့သည့်အပြင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် Shield တို့ကို ချီးမြှင့်ပေးခဲ့ပါသည်။

၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်နှင့်အညီ ယခုနှစ်အတွက် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲသို့လည်း နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် ယခုထက်ပိုမို၍ ပါဝင်ယှဉ်ပြိုင်လာပါကဆုတံဆိပ်များရယူပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံ့ဂုဏ်ကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်းနှင့် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ၂၀၁၄ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာဆုတံဆိပ်ပြိုင်ပွဲသို့ တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်နိုင်ကြပါရန် ဖိတ်ခေါ်ရေးသားတင်ပြအပ်ပါသည်။ ။

အခြေအနေအမျိုးမျိုးကြောင့် ပညာသင်ကြားချိန်တွင် ပညာသင်ကြားခွင့်မရခဲ့ကြသူများကို အခြေခံ စာတတ်မြောက်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ကျောက်ဆည်ခရိုင် မိုးကောင်းကျေးရွာအုပ်စုအတွင်းရှိ စံပြကျေးရွာအတွင်း အခြေခံစာတတ်မြောက်လိုသူများကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အတွင်း စာသင်ဝိုင်းဖြင့် တစ်ရက်လျှင် သုံးနာရီကြာအောင် သင်ကြားပေးနေစဉ်။

ဝေဖြိုးအောင်

ဘက်စုံထူးချွန် လူရည်ချွန်များ ညောင်ရွှေမြို့သို့ရောက်ရှိ

ညောင်ရွှေ ဧပြီ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ အခြေခံပညာ အထက်တန်းကျောင်း ဘက်စုံပညာထူးချွန်အပန်းဖြေစခန်းသို့ ဧပြီ ၂၆ ရက်က ဘက်စုံလူရည်ချွန် မောင်မယ်များ ၁၇၅ ဦးရှိသည့်အနက် နှစ်ဦးပျက်ကွက်၊ ၁၇၃ ဦးနှင့် အုပ်ချုပ်သူစခန်းမှူးတစ်ဦး၊ ဒုတိယစခန်းမှူး တစ်ဦး၊ ကြီးကြပ် ဆရာဆရာမ ၁၈ ဦး၊ ကာယကြီးကြပ် နှစ်ဦး၊ ပြည်နယ်ကြီးကြပ် နှစ်ဦးနှင့် အဖွဲ့ဝင်များ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့များသည် ဧပြီ ၂၇ ရက် နံနက်တွင် အင်းလေးဘိုတဲ၌ အင်းလေးရိုးရာ လှေလှော်ခတ်မှုကို ကြည့်ရှုလေ့လာခြင်းနှင့် ညနေပိုင်းတွင် စခန်းဖွင့်ပွဲ အစမ်းလေ့ကျင့်ခြင်း၊ ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး နေ့လယ်ပိုင်းတွင် ဆွေးနွေးပွဲနှင့် လူရည်ချွန်ဟောင်းများ ကြိုဆိုဂုဏ်ပြုဟောပြောခြင်းနှင့် ညနေပိုင်းတွင် ဖျော်ဖြေပွဲကျင်းပခြင်း၊ ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် အင်းလေးသို့ လေ့လာရေးခရီးထွက်ခွာခြင်း၊ ရှမ်းပြည်နယ်ဒေသ၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အေးသာယာစက်မှုဇုန်သို့ သွားရောက်လေ့လာခြင်းများ ပြုလုပ်ကြမည်ဖြစ်သည်။

တည်ခင်းဧည့်ခံ

အဆိုပါအဖွဲ့သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် မြို့တော်ခန်းမတွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပြီး အမှတ်(၁) အထကတောင်ကြီးတွင် ညအိပ်မည်ဖြစ်သည်။

ထို့နောက် ဧပြီ ၃၀ ရက် နံနက်တွင် တောင်ကြီးမြို့ စူဠာမုနိဘုရားဖူးခြင်းနှင့် ဟိုပုံးမြို့ ထမ်စမ်းဂူဘုရားဖူးခြင်း၊ တောင်ကြီးမြို့ မြို့မဈေးသို့ ဝင်ရောက်လေ့လာပြီး ညောင်ရွှေစခန်းသို့ ပြန်မည်ဖြစ်သည်။ မေ ၁ ရက်တွင် ပင်းတယ ရွှေဥမင်ဘုရားသို့ သွားရောက်ဖူးမြော်ခြင်း၊ ရိုးရာထီးလုပ်ငန်းနှင့် ကုံလုံဆရာတော်ကြီး၏ စံကျောင်းတော်ရှိသည့်ဒေသသို့ သွားရောက် ဖူးမြော်လေ့လာမည်ဖြစ်သည်။ ညနေပိုင်းတွင် ညောင်ရွှေသို့ပြန်ပြီး မီးပုံပွဲနှင့် ဖျော်ဖြေရေးအစီအစဉ် ကျင်းပမည်ဖြစ်သည်။ မေလ ၂ ရက် နံနက်တွင် စခန်းပိတ်ပွဲကျင်းပပြီး နေပြည်တော် စုပေါင်းစခန်းသို့ ထွက်ခွာမည်ဖြစ်သည်။

(၀၅၄)

စာတတ်မြောက်ရေးလှုပ်ရှားမှု စာသင်ဝိုင်း ယန်းလောကျေးရွာ၌ လက်တွေ့သင်ကြား

ကျိုင်းတုံ ဧပြီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ယန်းလောကျေးရွာ အလကကျောင်းတွင် စာတတ်မြောက်ရေးလှုပ်ရှားမှု အသုံးလုံးသင်တန်းကို ဧပြီ ၁ ရက်မှစတင်၍ မေ ၁၅ ရက်အထိ သင်ကြားပို့ချလျက်ရှိသည်။

သင်ကြားပို့ချ

အဆိုပါသင်တန်းကို ကျိုင်းတုံတက္ကသိုလ် ရုက္ခဗေဒဌာနမှ ကထိက ဒေါက်တာကျော့ကျော့ခိုင်နှင့် တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ၊ နည်းပြခြောက်ဦး စုစုပေါင်း ခုနစ်ဦးတို့က သင်ကြားပို့ချလျက်ရှိရာ သင်တန်းသို့ စိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူ ၃၀ တို့ တက်ရောက်ကြသည်။ သင်တန်းကို တစ်နေ့လျှင် နံနက် ၈ နာရီမှ ၁၁ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ ၁ နာရီခွဲထိတစ်ကြိမ် သင်ကြားပို့ချလျက်ရှိသည်။

(ခရိုင် ပြန်/ဆက်)

ရေတာရှည်မြို့နယ်တွင် လေပြင်းတိုက် ထစ်ချုန်းမိုးရွာ၊ မိုးကြိုးပစ်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ရေတာရှည် ဧပြီ ၂၇

ဧပြီ ၂၆ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် လေပြင်းများတိုက်သဖြင့် ထစ်ချုန်းမိုးရွာသွန်းပြီး မိုးကြိုးပစ်၍ ရေနီကျေးရွာတွင်တစ်ဦး ဒဏ်ရာရရှိကာ မြို့လှမြို့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ညနေ ၃ နာရီမှစ၍ လေပြင်းများတိုက်ခတ်ခဲ့ပြီးနောက် ထစ်ချုန်းမိုးများရွာသွန်းခဲ့ရာ ရေနီကျေးရွာနှင့် သရက်ကုန်းကျေးရွာအကြား ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ သစ်ပင်များလဲကျပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ရေနီနယ်မြေရဲစခန်းမှစခန်းမှူး ရဲအုပ်ဝင်းဗိုလ် ဦးစီးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်အတူ ရှင်းလင်းဆောင်ရွက်ခဲ့သည်။

မိုးများထစ်ချုန်းပြီး ရွာသွန်းနေချိန် ရေနီကျေးရွာအရှေ့မြန်နဒ္ဒာကွက်သစ်နေ ကိုသန်းထိုက်ဦး (၃၅ နှစ်)သည် မိုးကြိုးစက်ကွင်းမိကာ ဒဏ်ရာရရှိခဲ့သဖြင့် မြို့လှတိုက်နယ်ဆေးရုံသို့ အမြန်ဆုံးတင်ပို့ပေးခဲ့သည်။ ထို့အတူပင် မြို့လှကျေးရွာအုပ်စု သာဝတ္ထိ ရပ်ကွက်နှင့် သဲဖြူကျေးရွာအကြား စစ်တောင်းမြစ် အနောက်ဘက်ကမ်းတွင် မြစ်ကမ်းထိန်းသိမ်းရေး လုပ်ငန်းတွင် နေ့စားအလုပ်ဝင်ရောက်လုပ်ကိုင်နေကြပြီး ဇီးဖြူတန်းကျေးရွာတွင် နေကြသူများဖြစ်ကြသည့် ကျော်မျိုးကို (၂၀ နှစ်)၊ ထိန်လင်း (၂၀ နှစ်)၊ ကိုကိုမောင် (၂၅ နှစ်)တို့နှင့်အတူ အခြားသော အလုပ်သမားသုံးဦးတို့သည် မိုးများရွာလာ၍ မလှမ်းမကမ်းရှိ ဦးထွန်းလင်း၏အိမ်သို့မိုးခိုရန်အပြေးအလွှားသွားရောက်ခဲ့ပြီး အိမ်အောက်ရှိ တန်းလျားပေါ် ထိုင်နေစဉ် မိုးကြိုးပစ်ခဲ့ရာ ကျော်မျိုးကိုမှာ ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး အနီးတွင်ရှိသည့်ထိန်လင်းမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့သဖြင့် မြို့လှတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့လှနယ်မြေရဲစခန်းမှအမှုဖွင့်စစ်ဆေးလျက်ရှိပြီး မိုးဦးကာလများတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်/သံမီဒီယာများမှ နေ့စဉ်ထုတ်ပြန်ပေးချက်များကို ဂရုပြုကြရန်လိုအပ်သည်။

ကိုလွင်(ဆွာ)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဘုရားဖူးကားက တံတားကိုတိုက်မိ၍ အမျိုးသမီးတစ်ဦးသေဆုံး

နေပြည်တော် ဧပြီ ၂၇

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ တံတားတစ်စင်း၏ တံတားပေါင်ကို ဘုရားဖူးမော်တော်ယာဉ်ငယ်တစ်စီးက တိုက်မိပြီးယာဉ်ပေါ်ပါသူတစ်ဦးသေဆုံးမှု ဧပြီ ၂၄ ရက် နံနက်ပိုင်းက ဖြစ်ပွားကြောင်း သိရသည်။ နောင်ချိုမြို့ ဘူတာလမ်းနေ ယာဉ်မောင်းဦးဇော်မင်းလေး (၃၃ နှစ်)သည် မစ်ဆူဘီရှီ pickup အပြာရောင် 6G/----ရန်ကုန်ဘက်မှ မန္တလေးသို့မောင်းနှင်လာစဉ် အရှိန်လွန်၍ မိုင်တိုင်အမှတ်(၅၁/၁)ဖာလုံအနီးရှိ တံတားလက်ရန်းကို ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှု ဖြစ်ပွားရာသို့ ဘောနီ အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိခဲ့ပြီး ဒဏ်ရာရသူများကို ပဲခူးတိုင်းဒေသကြီး ပဲခူးဆေးရုံကြီးသို့ပို့ဆောင်ပေးခဲ့သည်။ ယာဉ်ပေါ်တွင် အမျိုးသားသုံးဦး၊ အမျိုးသမီးရှစ်ဦး၊ ကလေးငယ်သုံးဦး လိုက်ပါစီးနင်းလာခဲ့ရာ လိုက်ပါလာသူ စုစုပေါင်း ၁၄ဦးထဲမှ ဒေါ်သန်း(၅၁နှစ်)သည် ယာဉ်တိုက်မှုအရှိန်ကြောင့် ဒဏ်ရာများရရှိကာ ပဲခူးဆေးရုံကြီး၌ သေဆုံးသွားကြောင်းသိရသည်။ ကျန် ၁၃ ဦးမှာပြင်းထန်သောဒဏ်ရာမရရှိကြောင်းသိရသည်။ ယာဉ်မောင်းကို ဘောနီ အမြန်လမ်း ရဲတပ်ဖွဲ့စခန်းက အရေးယူထားကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ တံတားတစ်စင်း၏ တံတားပေါင်ကို တိုက်မိ၍ ပျက်စီးသွားသော မော်တော်ယာဉ်ကို တွေ့ရစဉ်။

ပျောက်ဆုံးလေယာဉ်ရှာဖွေရေး လိုအပ်သောအကူအညီများပေးမည်ဟု သမ္မတအိုဘားမားပြောဆို

ကွာလာလမ်ပူ ဧပြီ ၂၇

အိန္ဒိယသမုဒ္ဒရာ တောင်ပိုင်းအတွင်း ပျောက်ဆုံးသွားသော မလေးရှားလေယာဉ်ကို ရှာဖွေမှုပြုလုပ်ကြရာတွင် အမေရိကန် ပြည်ထောင်စုအနေဖြင့် လိုအပ်သည့် ပစ္စည်းပစ္စယများကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဧပြီ ၂၆ရက်က ပြောကြားသည်။

မလေးရှားဝန်ကြီးချုပ် နာဂျိဘ်ရာဇတ်နှင့်အတူ ကွာလာလမ်ပူတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ သမ္မတအိုဘားမားက ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် လိုအပ်သောမည်သည့် အရင်းအမြစ်ပစ္စည်းများမဆို အမေရိကန်ပြည်ထောင်စုက အစွမ်းကုန် ကူညီပံ့ပိုးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်ခေတ်မီ လူမဲ့ရေငုပ်သင်္ဘောငယ်သည် ဧပြီ ၂၇ ရက်က အိန္ဒိယသမုဒ္ဒရာကြမ်းပြင်တစ်လျှောက် ရှာဖွေထောက်လှမ်းမှု ပြုလုပ်ခဲ့သော်လည်း ပျောက်ဆုံးလေယာဉ်နှင့်ဆက်နွယ်ပတ်သက်သော ပစ္စည်းတစ်စုံတစ်ရာ ရှာဖွေထောက်လှမ်းနိုင်ခြင်း မရှိသေးပေ။ ဆိုးရွားသော ရာသီဥတုအခြေအနေကြောင့် လေကြောင်းနှင့် ရေကြောင်းရှာဖွေမှုများရပ်တန့်ခဲ့ရပြီး ပင်လယ်ပြင်အောက် ရှာဖွေမှုကိုသာ လုပ်ဆောင်နိုင်ခဲ့သည်။

ရိုက်တာ သတင်းထောက်များနှင့်တွေ့ဆုံရာတွင် သြစတြေးလျအာဏာပိုင်များက ဆက်လက်ရှာဖွေမှုပြုလုပ်နိုင်မည့် အကောင်းဆုံးနည်းလမ်းကို နိုင်ငံတကာမှမိတ်ဖက်များနှင့် ဆွေးနွေးတိုင်ပင်လျက်ရှိပါကြောင်း ပြောကြားသည်။

သမ္မတအိုဘားမားက ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်ပြီး အသေးစိတ်ကိုတော့ မသိပါကြောင်း၊ သိနိုင်တာကတော့ လေယာဉ်ဟာ ဝေးလံခေါင်ဖျားတဲ့ အိန္ဒိယသမုဒ္ဒရာထဲပျက်ကျသွားခြင်းဖြစ်ကြောင်း၊ ရှာဖွေရတဲ့နယ်နိမိတ်ဟာ အလွန်ကျယ်ပြောတဲ့အတွက် အလွန်ခက်ခဲသလို အချိန်ကာလတစ်ခုထိတော့ကြာမှာ ဖြစ်ကြောင်းဆိုသည်။

သမ္မတအိုဘားမားက အမေရိကန်အာဏာပိုင်များ အနေဖြင့် ရှာဖွေရေးအဖွဲ့များအကြား သတင်းဖလှယ်ရာတွင် လိုလိုလားလားရှိနေသည်ဟု ရှုမြင်ကြပါကြောင်း၊ ဧပြီ ၂၆ ရက်က ပြောကြားခဲ့သည့်တိုင်

ဘာသာပြန်-ကျော်သဲအိမ်

လေယာဉ် စုံစမ်းထောက်လှမ်းမှုနှင့် ပတ်သက်ပြီး ပို၍ပွင့်လင်းမြင်သာအောင်လုပ်ဆောင်ပေးရန် မလေးရှားအစိုးရကို ဖိအားပေးကြသည်။ မလေးရှားဝန်ကြီးချုပ် နာဂျိဘ်ရာဇတ်ကမူ ပျောက်ဆုံး လေယာဉ်နှင့်ပတ်သက်သော ပဏာမအစီရင်ခံစာ တစ်ရပ်ကိုလာမည့်သီတင်းပတ်တွင်ထုတ်ပြန်ပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ထို့အတူ မလေးရှားပို့ဆောင်ရေးဝန်ကြီးကလည်း ပင်လယ်ပြင်အောက်ရှာဖွေရေးတွင် လိုအပ်သောခေတ်မီပစ္စည်းများဖြည့်တင်းရန် Petronas ရေနံကုမ္ပဏီထံမှ အကူအညီကို တောင်းခံထားကြောင်း ဆိုသည်။

(ရိုက်တာ/ဆင်ဟွာ)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရာသီဥတုပူပြင်းမှုကြောင့် ရေသန့်များရောင်းကောင်းလျက်ရှိ

ချောက် ဧပြီ ၂၇

ယခုနှစ်နွေရာသီတွင် ခရမ်းလွန်ရောင်ခြည်သည် အန္တရာယ်ဖြစ်နိုင်သည့်အဆင့်ထက် များစွာမြင့်မားပြီး နေပူချိန်ပြင်းလျက် ရှိသောကြောင့် ရေသောက်သုံးမှု ပိုမိုများပြားလာသည်။ ကျန်းမာရေးအတွက် စိတ်ချရစေရန် သောက်သုံးရေများကို ရိုးရိုးရေထက် ရေသန့်များ သုံးစွဲလာခြင်းကြောင့် ရေသန့်ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

ချောက်မြို့နယ်တွင် ရေသန့်ရောင်းချသော ဆိုင်တစ်ဆိုင်ကို မေးမြန်းကြည့်ရာ ယခုနှစ် နွေရာသီတွင် ရေသန့်များ ရောင်းကောင်းလျက်ရှိရာ တစ်နေ့ကို ရေသန့်ဘူး လီတာ ၂၀ ဘူးကြီး ၃၀ နှင့် ၄၀ လောက်ရောင်းရတယ်။ ဘူးကြီး တစ်ဘူးလျှင် ငွေကျပ် ၅၀၀၊ ဘူးသေး တစ်ဘူးလျှင် ငွေကျပ် ၃၀၀၊ တစ်လီတာ ရေသန့်ခြောက်ဘူးပါ ငွေကျပ် ၁၀၀၀ ရောင်းချရာ ဘူးကြီးက ပိုရောင်းကောင်းကြောင်း ပြောကြားသည်။

ချောက်မြို့မှ သောက်သုံးသူတစ်ဦးကို မေးမြန်းကြည့်ရာ "ရေသန့်ဝယ်သောက်တာက အဓိက ကျန်းမာရေးကြောင့်ပဲ။ ရေမသန့်ရင် ကျန်းမာရေး ထိခိုက်တယ်။ အဲဒါကြောင့် ရေသန့်ပဲဝယ်သောက်တယ်။ မိသားစုကများတော့ တစ်နေ့ကို ရေသန့်ဘူးကြီး နှစ်ဘူးနီးပါးကုန်တယ်။ ရေဖိုးတစ်နေ့ငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိတယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ နေအပူချိန်က အလွန်မြင့်တော့ ရေပဲသောက်နေတာ။ တစ်နေကုန်ရေချည်းပဲသောက်နေတော့ ရေက ကုန်တာပေါ့"ဟု ပြောကြားသည်။

ယခုနှစ်နွေရာသီ၏ အပူချိန်မြင့်မားမှုများကြောင့် ကျန်းမာရေးနှင့်ညီညွတ်သော ရေသန့်များ ရောင်းကောင်းလျက်ရှိကြောင်း သိရသည်။

ဝင်းဌေး

ရန်ကုန်တိုင်းဒေသကြီး **Mobile Team** အဖွဲ့များမှ တာဝန်ယူစစ်ဆေးနေသော ဆိပ်ကမ်းခုနစ်ခုရှိရာ ပုဂ္ဂလိကမှ တာဝန်ယူအတင်အချပြုလုပ်နေသော ဆိပ်ကမ်းများသည် သင်္ကြန်တွင်း လေးရက်သာနားပြီး အခြားဆိပ်ကမ်းများသည် ဧပြီ ၂၂ ရက်မှစတင်၍ ကုန်ပစ္စည်းများ ပုံမှန်သယ်ယူပို့ဆောင်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။
ကျော်မြင့်အေး

ဖောင်တော်ချက်မရေကန်အတွင်းသို့ ရေများဖြည့်တင်း၍ သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဖောင်တော်ချက်မဘုရားရေကန်တွင် အပူချိန်မြင့်မားမှုကြောင့် ဧပြီ ၂၄ ရက်က ရေကန်အတွင်းရှိ ငါးများသေဆုံးခြင်း ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကန်အတွင်းရှိ ငါးအသေများကိုဆယ်ယူ၍ အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဧပြီ ၂၅ ရက်က မြို့နယ်အတွင်းရှိ သက်ဆိုင်ရာဌာနများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပြီး ယခုအခါ ဖောင်တော်ချက်မရေကန်အတွင်းသို့ သန့်ရှင်းသည့်ရေများဖြင့် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကဆုန်ညောင်ရေသွန်းပွဲတော်နီးကပ်လာပြီဖြစ်သဖြင့် ရေကန်သန့်ရှင်းရေးနှင့် ဖောင်တော်ချက်မစေတီတော်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရွှေကုက္ကို)**

ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ဆောင်ရွက်ပေး

မန္တလေး ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံးတွင် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် Individual Trading Card (ITC) ရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ လာရောက်လျှောက်ထားသူများရှိကြောင်း တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် (ITC)ဆောင်ရွက်ခွင့်ရှိသူများမှာ တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် နေထိုင်ပြီး အသက် ၁၈ နှစ်ပြည့်ကာ ကုမ္ပဏီတည်ထောင်ခြင်းမရှိသူ နိုင်ငံသားတိုင်းဆောင်ရွက်နိုင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ကုန်သွယ်မှုလမ်းကြောင်း တစ်ဆက်တည်းဖြစ်သည့် မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ တမူးစသည့်စခန်းများအနက် ကုန်သွယ်မှုဆောင်ရွက်လိုသည့်စခန်းတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်မှုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ITC မှတ်ပုံတင်သက်တမ်းကာလမှာ တစ်နှစ်ဖြစ်ပြီး သက်တမ်းတိုးမြှင့်ခြင်းတစ်ကြိမ်လျှင် တစ်နှစ်ခွင့်ပြုထားသည်။ မှတ်ပုံတင်ကြေးအဖြစ် ငွေကျပ် ငါးသောင်းသတ်မှတ်ထားပြီး သက်တမ်းတစ်ကြိမ်တိုးမြှင့်ခြင်းအတွက် ငွေကျပ်ငါးသောင်းဖြစ်သည်။

ITC လျှောက်ထားမည်ဆိုပါက မြန်မာ့စီးပွားရေးဘဏ်သို့ မှတ်ပုံတင်ကြေးပေးသွင်းထားသည့်ချလန်နှင့် သတ်မှတ်စာရွက်စာတမ်းများပြည့်စုံပါက မိနစ်ပိုင်းအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်းနှင့် မှတ်ပုံတင်ရရှိပါက လူတစ်ဦးလျှင် တစ်ရက် ငွေကျပ်သိန်း ၂၀ နှုန်းနှင့် ငါးရက်စာ တစ်ကြိမ်တည်း ငွေကျပ်သိန်း ၁၀၀ အထိ ကုန်သွယ်မှု ဆောင်ရွက်ခွင့်ပြုထားကြောင်း၊ လက်မှတ်ရရှိထားသူသည် လိုင်စင်မလိုအပ်ဘဲ တင်ပို့တင်သွင်းခွင့်ပြုထားသောပစ္စည်းများကို အကောက်ခွန်တွင် တိုက်ရိုက်အခွန်ပေးဆောင်ကာ တင်ပို့တင်သွင်းနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အေးမြ(မန္တလေး)

စီမံကိန်းရေးဆွဲခြင်းသင်တန်း လှိုင်ကော်၌ဖွင့်

လှိုင်ကော် ဧပြီ ၂၇

ပြည်သူအများ ပူးပေါင်းပါဝင်သော အောက်ခြေမှစတင်သည့် စီမံကိန်းရေးဆွဲခြင်း သင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက်က လှိုင်ကော်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးတောရယ်က အမှာစကားပြောကြားပြီး အက်ရှင်အေဒ် မြန်မာဌာနေကိုယ်စားလှယ် Shihab Uddin Ahamad က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး အဆိုပါသင်တန်းကို ဧပြီ ၂၅ ရက်မှ မေ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီတံတား (ထီးချိုင့်)မြတောင်ဘက်ခြမ်းတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်		တင်သွင်းရမည့်နေရာ
၁။	တောသစ်(ရှယ်စုံ)	၃၆၀	တန်	မြတောင်ဘက်ကမ်း
၂။	တောသစ်(1)ပေထုပျဉ်	၂၁၀	တန်	
၃။	ဝါးထရံ(ချော)	၂၁၀၃၀၀	စတုရန်းပေ	
၄။	အမိုးဝါးကပ်	၁၀၄၈၀၀	ချပ်	
၅။	4"~6"မျော (16')	၁၂၉၇	လုံး	
၆။	မြင်းကောင်ရေ(၂၅၀) (နှစ်လုံးထိုင်)တွန်းသင်္ဘော	၁	စီး (လပြတ်ဖြင့် ဖလစာငှားရမ်းမည်)	
၇။	မြေဖယောင်း	၅၀၀	တန်	

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၈-၄-၂၀၁၄ရက်မှ ၃၀-၄-၂၀၁၄ ရက်အထိ
အချိန် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက် - ၁-၅-၂၀၁၄ ရက်
အချိန် မွန်းလွဲ ၁ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ မန္တလေး (ရတနာပုံ)၊ အင်ဂျင်နီယာမှူးကြီး (မြို့ပြ) ရုံးခန်း။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အထူးစီမံကိန်းကြီးအဖွဲ့(၂) မန္တလေး(ရတနာပုံ) စီမံကိန်းဝင်းတွင် ၂၈-၄-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စျေးများဌာနလက်အောက် လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးစျေးသစ်ကြီးအား ၂၉-၄-၂၀၁၄ ရက် (အင်္ဂါနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ လက်လီ/လက်ကား ငါးမျိုးစုံ ရောင်း/ဝယ်ခြင်းကိစ္စများ ဆောင်ရွက်နိုင်ရန် ဆိုင်ခန်းဝယ်ယူထားသူများအနေဖြင့် စတင်ဖွင့်လှစ်ရောင်းချသွားပါရန်နှင့် စျေးဝယ်ယူမည့်လုပ်သားပြည်သူများအနေဖြင့်လည်း လာရောက်ဝယ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

စျေးများဌာန

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ငှက်ပျောနှင့် ပဲတီစိမ်းတွဲဖက်စိုက်ပျိုးဝင်ငွေတိုး

အညာဒေသမှ တောင်သူအများစုတို့သည် မိမိတို့ပိုင်ဆိုင်သမျှ မြေများတွင် နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် သီးနှံအမျိုးမျိုးကို စိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးကြရာတွင် ဆည်တမံရေ၊ လျှပ်စစ်မြစ်ရေတင်ရေ မရသောဒေသများတွင် မြေအောက်ရေကို ရေစုပ်စက်နှင့်တင်၍ ကြိုးစားပမ်းစားစိုက်ပျိုးလေ့ရှိကြသည်။ ရာသီအလိုက်သီးနှံများကို စိုက်ပျိုးရာ၌ သမားရိုးကျစိုက်ပျိုးသည့် သီးနှံများနှင့်အတူ သီးညှပ်ပါစိုက်ပျိုးကြသည်။ ဥပမာ-ကြက်သွန်နှင့် ကုလားပဲ၊ ဝါနှင့်ငရုတ်၊ ကုလားပဲနှင့်နေကြာ၊ ဂျုံနှင့်နေကြာ၊ ဖုံးစားပြောင်း၊ ပဲကြီးနှင့်နေကြာ၊ CP ပြောင်းနှင့် ကြက်ဆူစသည်ဖြင့် စိုက်ပျိုးကြသည်ကို တွေ့မြင်ရသည်။

ထို့အတူ ရေစကြိုမြို့နယ် ထန်းဆယ်ပင်ရွာအဝင်တွင် CPပြောင်းခင်းများ၊ ပဲတီစိမ်းခင်းများ၊ နွေစပါးခင်းများနှင့်အတူ ငှက်ပျောများကို စနစ်တကျ ပင်ကြားတန်းကြားညီညီစိုက်ပျိုးထားရှိပြီး ပင်ကြားတန်းကြားမြေလွတ်များတွင် ပဲတီစိမ်းကို သီးညှပ်အဖြစ် စိုက်ပျိုးထားရာ သီးနှံနှစ်မျိုးလုံး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်တော်က ပထမငှက်ပျောစိုက်ပါတယ်။ ပင်ကြားတန်းကြားမြေလွတ်မှာ မြေအားမထားဘဲ ပဲတီစိမ်းထည့်ထားပါတယ်။ ဒီရာသီမှာ ငှက်ပျောကိုလည်း ရေပေးရသလို ပဲတီစိမ်းကိုလည်း ရေသွင်းရပါတယ်။ ရေတစ်ကြိမ်သွင်းရုံနဲ့ ငှက်ပျောရော ပဲတီစိမ်းပါ ရေသောက်ရတော့ နှစ်မျိုးလုံးဖြစ်ထွန်းနေတာ မြင်တဲ့အတိုင်းပဲ နှစ်သီးစားရတာပေ့ါ။ အခုဆို ငှက်ပျောဈေးကလည်း ကောင်းနေတယ်။ အလုံးများများ အဖီးကြီးကြီးဆိုရင် အောက်တန်းတစ်ဖီးကို အနည်းဆုံး ငွေကျပ် ၁၀၀၀ ဈေးရောင်းရတယ်။ သေးရင် တစ်ဖီး ငွေကျပ် ၈၀၀ ဆိုတာ အနိမ့်ဆုံးဈေးပါ။ ပဲတီစိမ်းအတွက် သွင်းတဲ့ရေနဲ့ သွင်းအားစုတွေကို ငှက်ပျောပင်တွေလည်း စားသုံးကြရတော့ ငှက်ပျောသီးသန့်စိုက်တာထက် ပိုပြီးအောင်မြင်ဖြစ်ထွန်းနေတာ ဆရာမြင်တဲ့အတိုင်းပါပဲ"ဟု အခင်းရှင်က ပြောပြသည်။

ဤသို့လျှင် ငှက်ပျောစိုက်ခင်းများတွင် ပင်ကြားတန်းကြားမြေလွတ်များတွင် ရာသီသီးနှံများကို သီးညှပ်စိုက်ပျိုးခြင်းဖြင့်အပိုဝင်ငွေရ၍ အကျိုးအမြတ်ရရှိနိုင်ပါကြောင်း ရှာဖွေရေးသားတင်ပြလိုက်ပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၇-၄-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၅၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၆၄၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၅၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday**စက်သုံးဆီအရောင်းဆိုင်**)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၄၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၇၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၅၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၄၀၀၀-၂၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်မြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၃-၉၇၄
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၀-၁၃၃၈
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၅၉-၇၆၉
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၆၅-၃၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆.၂-၁၆.၇
တရုတ်	တစ်ယွမ်	ကျပ် ၁၅၃-၁၆၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၄-၂၉၉

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၌ ဧပြီ ၂၆ ရက်က ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် တာဝန်ရှိသူများက လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာန ရုံးသို့သွားရောက်ပြီး မီးသတ်ယာဉ်များအား သင့်လေးသင့်နှင့်ပတ်သက်၍ လူအသင့်၊ ယာဉ်အသင့်၊ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိမရှိ၊ ရေအသင့်ဖြည့်တင်းထားမှု၊ ဆီဖြည့်တင်းထားရှိမှုများ ရှိမရှိတို့ကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လယ်ဝေးမြို့ သီရိမင်္ဂလာမြို့မဈေးအတွင်း အမှိုက်သရိုက်များ ရှိမရှိ၊ လျှပ်စစ်မီးများ စနစ်တကျသုံးစွဲမှုရှိမရှိကို လည်းကောင်း၊ မီးဘေးကြိုတင်တားဆီးနိုင်ရေးအတွက် ဈေးမိ၊ ဈေးဖ ဈေးကော်မတီများနှင့်တွေ့ဆုံကာ ဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**

စာဖတ်ရှုနိမ့်မြင့်တင်ရေး လဲချား၌ဟောပြော

လဲချား ဧပြီ ၂၇

ပြည်သူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လဲချားမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းမေစုအောင်နှင့်ဝန်ထမ်းများသည်ကျေးရွာများသို့အရောက် ကွင်းဆင်း၍ နယ်လှည့် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက ဟဲဆိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စာဖတ်ရှုနိမ့် မြင့်မားရေးအတွက် ဟောပြောပွဲဆောင်ရွက်ခြင်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ပြသခြင်း၊ စာအုပ်စာစောင်များ ငှားခြင်းများကို ဆောင်ရွက်ခဲ့သည်။ ကျေးရွာများသို့အရောက် အသိပညာဖြန့်ဖြူးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အမှန်တကယ် အကျိုးရှိသည်ဟု ဟဲဆိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းဆံက ပြောကြားခဲ့ကြောင်း သိရသည်။

နန်းမေစုအောင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံခရိုင်အတွင်းရှိ ကွမ်းလုံမြို့နယ်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဖြုန်းကျောက်၊ သဲ၊ သံချောင်းလုံး(ရွယ်စုံ)၊ ဘိလပ်မြေ၊ သစ်(ရွယ်စုံ)စသည့် လုပ်ငန်းသုံး ပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။	**အိတ်ဖွင့်တင်ဒါအမှတ်**	- အမှတ်(၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်
၃။	**တင်ဒါပိတ်မည့်ရက်၊ အချိန်**	- ၁၂-၅-၂၀၁၄ရက်၊ ၁၆း၀၀ နာရီ
၄။	**တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၁၃-၅-၂၀၁၄ရက်၊ ၉း၀၀ နာရီ
၅။	**တင်ဒါ/တင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ**	- ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွမ်းလုံမြို့၊ ဖုန်း-၀၈၂-၇၀၀၁၀

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုး၊ မိုင်းရယ်၊ သီပေါ၊ နောင်ချို၊ နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များ၌ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သံချောင်း(ရွယ်စုံ)၊ သစ်(အခြား)၊ ၂'Ø ကွန်ကရစ်ပိုက် ပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။	**အိတ်ဖွင့်တင်ဒါအမှတ်**	- အမှတ်(၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်
၃။	**တင်ဒါပိတ်မည့်ရက်၊ အချိန်**	- ၁၁-၅-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
၄။	**တင်ဒါဖွင့်မည့်ရက်/အချိန်**	- ၁၂-၅-၂၀၁၄ရက်၊ ၉း၀၀ နာရီ
၅။	**တင်ဒါ/တင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ**	- လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)ရုံး၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၆၁၉၊ ၀၉-၄၉၂၅၄၄၁၇၊ ၀၉-၂၅၀၀၂၉၄၁၂

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အများသိစေရန်

တစ်ဖက်ပါဓာတ်ပုံရှိ မပွင့်ဖြူဝင်းတင့်(ဘ)ဦးဝင်းတင့် အသက်(၁၆)နှစ်ပင်မပြည့်သေးသူသည် ရွှေ၊ ငွေ လက်ဝတ်ရတနာများ ဝတ်ဆင်ထားလျက်ဖြင့် ၂၁-၄-၂၀၁၄ ရက်မှစ၍ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အမြန်ဆုံး အကြောင်းကြားရန်နှင့် မိဘ အုပ်ထိန်းသူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ အသက်မပြည့်သေးသည့်ကလေးငယ်ကို သွေးဆောင် ခြိမ်းခြောက်၊ ဖြားယောင်း၊ ခိုးယူပေါင်းသင်းနေထိုင်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

စည်သူအံ့ဘွယ် LL.B တရားလွှတ်တော်ရှေ့နေ(Advocate)

ဖုန်း-၀၉-၇၃၀၂၁၁၂၃၊ ၀၉-၄၂၈၀၂၂၄၉၀

အမည်ပြောင်း

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ မခင်မြင့်ချိုအား မအေးယွန်းနဒီ ၁၃/လရန(နိုင်)၁၈၃၅၄၆ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မအိဖြိုးခိုင် ၉/ပဥလ(နိုင်)၀၁၃၃၅၅ သည် ၁၄-၆-၂၀၁၃ ရက်တွင် မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးအောင်နိုင်ဝင်း(အမရပူရ)

၉/အမရ(နိုင်)၀၉၉၉၃၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ [illegible]မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅) [illegible]

ဦး[illegible] **ဦး[illegible]**

LL.B, D.B.L, D.I.L, Dip.CA, WIPO LL.B, D.B.L, D.I.L, D.M.L, WIPO

တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible]) တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])

Hein Htet San Law Firm

အမှတ် ([illegible]) [illegible] ရန်ကုန်မြို့၊ ဖုန်း [illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဦးပိုင်အမှတ် ၄၀၇(စီ)၊ ကွင်းအမှတ် စမ်းကြီးဝကွင်း၊ မြေကွက်အမှတ် ၁၂၊ အကျယ်အဝန်း ၄ ဧက၊ လယ်မြေအမျိုးအစားမြေကွက်ကို ဦးဖိုးစိန်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဦးဖိုးစိန်၏မြေး ဒေါ်မြင့်မြင့်သွယ် ၁၂/မဂဒ(နိုင်)၀၇၄၅၉၃ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ဝါဝါ
၁၃/တကန(နိုင်)၁၃၀၉၈၃

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မိုးမိုးအောင်
LL.B,WIPO(DL-101)Switzerland
အထက်တန်းရှေ့နေ(စဉ်-၂၃၁၂၃)
အမှတ် ၃၁/၃၃၊ စတုတ္ထထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၆၃၂၄၊ ၀၉-၄၂၁၀၉၇၄၀၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၃၃၂/၁၊ မြေဧရိယာ ပေ(၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဒေါ်ချိုချိုမြင့် ၁၂/ဥကမ(နိုင်)၀၉၈၄၃၄ ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ထားထားလွင်
အမှတ် ၁၁၇၈၊ ပင်လုံလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၅၁၈၃၉၅၁

အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ ရေများသွားရောက်လှူဒါန်း

စစ်ကိုင်း ဧပြီ ၂၇

သောက်သုံးရေ အခက်အခဲတွေ့ကြုံနေရသော ကျေးရွာသို့ စစ်ကိုင်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး (မြို့မိမြို့ဖအဖွဲ့)၏ ဦးဆောင်မှုဖြင့် သောက်သုံးရေ သွားရောက်လှူဒါန်းခြင်း၊ ကျေးရွာပြည်သူများ၏ ကျန်းမာရေးကို စစ်ဆေးကြည့်ရှုပြီး ဆေးကုသပေးခြင်းကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့နယ် ယင်းမာကျင်း ကျေးရွာအုပ်စု အောင်စည်သူကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ ခရိုင်စီမံခန့်ခွဲရေး ကော်မတီအတွင်းရေးမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတိုးလင်းနှင့် မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က သောက်သုံးရေ အခက်အခဲဖြစ်နေသော စစ်ကိုင်းမြို့နယ်အတွင်း ကျေးရွာ ၁၁ ရွာအား သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေး၍ မိုးရာသီတွင် မိုးရေကိုစနစ်တကျ ခံယူ၍ သိုလှောင်ထားပြီး သုံးစွဲရန်တို့ကိုပညာပေးဆွေးနွေးကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်စိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစား အခြားလောင်စာတိုးမြှင့်အသုံးပြုရေး ပညာပေးဟောပြောပြီး ကျေးရွာပြည်သူများကို စွမ်းအားမြှင့်အဝေမ်းမီးဖိုများ မဲဖောက်၍ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျေးရွာတွင် သောက်သုံးရေသိုလှောင်ထားရန် ကွန်ကရစ်ရေကန်နှစ်ကန်နှင့် ရေတံလျှောက်၊ ရေပိုက်များအတွက် အလှူငွေကျပ် ၁၀ သိန်းကို ရန်ကုန်မြို့မှ အလှူရှင် ဦးကိုကိုထွေး- ဒေါက်တာဒေါ်လှလှမြင့်မိသားစုက လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဒေါက်တာအရှင်ဆေကိန္ဒ လှူဒါန်းထားသော ရေသယ်ယာဉ်ခြောက်စီးတို့က ရေဂါလန် ၅၀၀၀ ကို လှူဒါန်းရာ ကျေးရွာပြည်သူများက ရေပုံးများ၊ ရေစည်လှည်းများဖြင့် ဝမ်းသာအားရ လာရောက်ရေသယ်ယူကြသည်။

ဆရာဝန်ကြီး ဒေါက်တာဒေါ်နှင်းနှင်းစိန်ဦးဆောင်သော စေတနာဆေးကုသရေးအဖွဲ့ကလည်း ကျေးရွာပြည်သူ ၄၂ ဦးကို ရောဂါပေါင်းစုံ စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။ အောင်စည်သူကျေးရွာမှာ အိမ်ခြေ ၆၀၊ လူဦးရေ ၂၅၂ ဦး နေထိုင်လျက်ရှိသော ကျေးရွာဖြစ်ပြီး နှစ်စဉ်နွေရာသီတွင် ရေတွင်းရေကန်များခန်းခြောက်၍ သောက်သုံးရေ အခက်အခဲတွေ့ကြုံနေရသော ရွာဖြစ်သည်။ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရေကို သစ်တောစိုက်ခင်းရှိ မြေအောက်ရေများမှ ရရှိကြောင်း ကျေးရွာ ပြည်သူများထံမှ သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

မိုးဦး၊ လေဦးကာလ သတိပေးချက်

နေပြည်တော် ဧပြီ ၂၇

(က) မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။

(ခ) သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီမကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသ ဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

ရေတွင်းဟောင်းပြုပြင်ရန် အုတ်များကိုဖယ်ရှားစဉ် မြေပိသေဆုံး

ရေစကြို ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ထန်းဆယ်ပင်ရွာတွင် ရေတွင်းဟောင်းအား အသစ်ပြန်လည်ပြုပြင်ရန် အုတ်များကို ဖယ်ရှားနေစဉ် ရေတွင်းပတ်လည်မှ မြေသားများပြိုကျသဖြင့် မြေပိသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထန်းဆယ်ပင်ကျေးရွာ ရွာလယ်ရှိ လွန်ခဲ့သော နှစ် ၁၅၀ ခန့်က တည်ဆောက်ထားခဲ့သော အနက်ပေ ၂၀ ခန့်၊ အကျယ် ၅ ပေခန့်ရှိ အုတ်စီခွေရေတွင်းပျက်ကို ကျေးရွာပြည်သူများ အသုံးပြုရန် ဘိလပ်ခွေ အသစ်ချပြန်လည်ပြုပြင်ရန်အတွက် ဦးစိုးမင်းချစ် (၄၃နှစ်)၊ ကိုသီဟာန် (၁၈နှစ်)၊ ဒေါ်သင်းသင်းအေး(၃၁နှစ်)တို့သည် ဧပြီ ၁၉ ရက်မှစ၍ အုတ်များကို ဖယ်ရှားဆောင်ရွက်ရာ ဧပြီ ၂၁ ရက်တွင် ဦးစိုးမင်းချစ်က ရေတွင်းဆင်း၍ အုတ်များဖယ်ရှား နေစဉ် အနက် ၁၈ ပေခန့်အရောက် မြေပြင်ရှိ ရေတွင်းပတ်လည်မှ မြေသားများ လျှိုက်ပြီး ရုတ်တရက် ပြိုကျသဖြင့် ဦးစိုးမင်းချစ်မှာ အနက် ၁၂ ပေခန့်တွင် မြေပိသေဆုံးခဲ့သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ ရေစကြို မြို့မရဲစခန်းမှ တာဝန်ရှိသူများ သွားရောက်၍ မြေပိနေသူအား အမြန်ဆုံးဖော်နိုင်ရေးနှင့် ဆယ်ယူရရှိပါက ဆေးစာဖြင့် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ သေမှုသေခင်းဖွင့် ဆောင်ရွက်မည့် အခြေအနေကို ပြောပြသဖြင့် ကျေးရွာပြည်သူများကလည်း ဧပြီ ၂၂ ရက် နံနက်ထိ လုပ်အားဖြင့် ဆောင်ရွက်ခဲ့သည်။

ယခုကဲ့သို့ ရေတွင်းဟောင်းများကို ဖော်ရာတွင်ဖြစ်စေ၊ တွင်းချီးဆယ်ရာတွင်ဖြစ်စေ အောက်ဆီဂျင်ရှိ/မရှိ၊ မြေပြိုမှုအန္တရာယ် ရှိ/မရှိ သေချာစွာ စိစစ်သုံးသပ်ပြီးမှ ဆောင်ရွက်သင့်ကြောင်း ကျေးရွာမှ လူကြီးတစ်ဦးက ပြောပြသည်။

ဖေထွေးကျော်(ရေစကြို)

ဥသျှစ်ပင်မြို့၌ ဓမ္မစကူးလ်သင်တန်းဖွင့်ပွဲကျင်းပ

ပန်းတောင်း ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ သုခိတာရာမ ပရိယတ္တိစာသင်တိုက်၌ ဧပြီ ၂၆ ရက် နံနက် ၈ နာရီက ဓမ္မစကူးလ် သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော်တို့မှ ဩဝါဒစကားချီးမြှင့်ပြီး တိုင်းသာသနာရေးဦးစီးမှူး ဦးထွန်းမြင့်ဦး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းဇော်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဓမ္မစကူးလ်သင်တန်းကျောင်း အကျိုးတော်ဆောင် ဆရာတော်နှင့် သင်တန်းနည်းပြ ဆရာ ဆရာမများက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

(၁၀၈)







နေပြည်တော် နွေရာသီရေကူးသင်တန်းနှင့် နေပြည်တော်ဝဏ္ဏသိဒ္ဓိရေကူးကလပ်အသင်းဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများပေါ်ထွက်လာစေရေး၊ အရေးကြုံက သက်လုံကောင်းစေရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအားရှေးရှု၍ နွေရာသီ ရေကူးသင်တန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် မေ ၅ ရက်မှ ဇွန် ၅ ရက်အထိ သင်တန်းကာလ တစ်လဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးချိန်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ရေကူးကလပ်အသင်းအား ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

- သင်တန်းချိန်များအား နံနက် ၇း၃၀ နာရီမှ ၉း၀၀ နာရီအထိ၊ ညနေပိုင်း ၁၆း၀၀ နာရီမှ ၁၇း၃၀ နာရီအထိ သင်တန်းချိန် ၂ ချိန်ခွဲ၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကြိုက်နှစ်သက်ရာ သင်တန်းချိန်တွင် တက်ရောက်နိုင်ပါသည်။
- သင်တန်းကြေးအဖြစ် တစ်ဦးလျှင် ကျပ် ၂၀၀၀၀/-နှုန်းသတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။
- အထက်ပါသင်တန်းဖွင့်လှစ်ပြီးပါက နေပြည်တော်ဝဏ္ဏသိဒ္ဓိရေကူးကလပ်အသင်းအား စတင်တည်ထောင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး သင်တန်းသားနှင့် ကလပ်အသင်းဝင်အဖြစ် အသက်အရွယ်မရွေး မည်သူမဆိုဝင်ရောက် စာရင်းပေးသွင်းနိုင်ပါသည်။
- နေပြည်တော်ဝဏ္ဏသိဒ္ဓိ ရေကူးကလပ်အသင်း အသင်းဝင်ကြေးအဖြစ် တစ်ဦးလျှင်
  - (က) တစ်လလျှင် ကျပ် ၁၀၀၀၀/-နှုန်း
  - (ခ) သုံးလအတွက် ကျပ် ၂၅၀၀၀/-နှုန်း
  - (ဂ) ခြောက်လအတွက် ကျပ် ၅၀၀၀၀/-နှုန်း
  - (ဃ) တစ်နှစ်အတွက် ကျပ် ၁၀၀၀၀၀/-နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဝဏ္ဏသိဒ္ဓိရေကူးကန် အုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၇၃၀၅၄၀၄၄ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ စမ်းကြီးဝအပိုင်၊ ကွင်းအမှတ် ၄၀၇/C၊ ဦးပိုင်အမှတ် ၁၊ ဧရိယာအကျယ်အဝန်း ၇ ဒသမ ၈၆ဧကကျယ်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းပိုင်ခွင့်ရှိသူ ဦးကျော်လင်းထွန်း ၇/ရကလ(နိုင်)၀၄၀၂၃၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက လွှဲပြောင်းခြင်းကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးသီ (BA, RL)	ဒေါ်ချိုသဲလွင် (LL.B, D.I.L)	ဒေါ်အိသူနွယ်စိုး (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
စဉ်-၇၈၃၈	စဉ်-၈၆၈၄	စဉ်-၈၇၄၈
ဖုန်း-၀၉-၅၁၈၀၁၂၀	ဖုန်း-၀၉-၇၃၀၆၃၃၈၈	ဖုန်း-၀၉-၇၃၉၀၁၇၀၇

ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ မိုင်းခတ်၊ မိုင်းယန်းမြို့နယ်များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော အုတ်၊ သဲ၊ ခွဲကျောက်ရွယ်စုံ၊ ဘိလပ်မြေ၊ သံချောင်းလုံးရွယ်စုံ၊ သစ်ခွဲသားစသည့် ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်လွှာပုံစံအား ၅-၅-၂၀၁၄ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး မိုင်းခတ်မြို့နယ် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်မှာ ၁၅-၅-၂၀၁၄ရက်၊ မွန်းလွဲ ၂နာရီဖြစ်၍ မိုင်းယန်းမြို့နယ် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်မှာ ၁၉-၅-၂၀၁၄ရက် မွန်းလွဲ ၂နာရီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့၊ မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းခတ်မြို့နှင့်မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းယန်းမြို့ ဖုန်း-၀၈၄-၂၁၀၃၁၊ ၀၈၄-၂၁၀၃၅၊ ၀၉-၄၉၀၃၇၂၄၉၊ ၀၉-၄၃၀၃၇၁၄၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

နိုင်ငံတကာအားကစားသတင်း

အပြိုင်ခြေကုန်ထုတ်ကြမယ့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲဒုတိယအကျော့

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်ကို ဧပြီ ၃၀ ရက်နဲ့ မေ ၁ ရက်မှာ ယှဉ်ပြိုင်ပါတော့မယ်။ ဒီပွဲစဉ်ဟာ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ဖို့နဲ့ ချန်ပီယံအိပ်မက်တွေ ဖြာဝေဖို့အတွက် အရေးကြီးတဲ့ ပွဲစဉ်ဖြစ်နေတာမို့ ရေကုန်ရေခန်း ကစားကြရမယ့် ပွဲတွေဖြစ်နေပါတယ်။ ပထမအကျော့ပွဲစဉ်တွေမှာ အခြေအနေမလှခဲ့တဲ့အသင်းတွေကလည်း ဒီပွဲမှာတော့ ရင်ပွင့်မတတ် အားထုတ်ကြမှာမို့ ရင်ခုန်လှုပ်ရှားစရာ ကောင်းနေတာ အမှန်ပါပဲ။

ဘိုင်ယန်မြူးနစ်နှင့်ရီးရဲမက်ဒရစ်

ပထမအကျော့ ရီးရဲမက်ဒရစ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ရီးရဲမက်ဒရစ်ဟာ အခုပွဲ ဘိုင်ယန်မြူးနစ်ကွင်းမှာ စိုးရိမ်ပူပန်မှုတွေနဲ့ အတူ ရုန်းကန်ရတော့မှာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ အမာခံကစားသမားတွေအားလုံး ဒဏ်ရာကင်းဝေးနေလို့ ကစားသမား အစုံအလင်နဲ့ ပွဲထွက်လာမှာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်တို့ကတော့ ပထမအကျော့ ရှုံးကြွေးကိုပြန်ဆပ်ပြီး အောင်ပွဲခံနိုင်ဖို့အတွက် ဗျူဟာခင်းကျင်းမှုကို စနစ်တကျ ပြင်ဆင်ပြီးရီးရဲမက်ဒရစ်ရဲ့ ဗိုလ်လုပွဲတက်ရောက်ရေး အိပ်မက်ကို အကောင်အထည်မပေါ်အောင် ဟန့်တားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်ဟာ အိမ်ကွင်းမှာ ရီးရဲမက်ဒရစ်ကို ဖိအားပေးကစားနိုင်တဲ့ စွမ်းအားရှိပြီး အတွေ့အကြုံရင့်ကျက်တဲ့ကစားသမားတွေကြောင့် အခုပွဲမှာ ဂိုးပြတ်သွင်းပြီး ကျော်ဖြတ်ဖို့ အခွင့်အရေးများနေတာတော့ အမှန်ပါပဲ။ မိမိကွင်း မိမိပရိသတ် ရှေ့မှောက်မှာ နည်းပြဂွာဒီယိုလာဟာ အိမ်ရှင်ပရိသတ်တွေကို ချိုမြိန်တဲ့ အောင်ပွဲခံမှုတွေကို ဖော်ဆောင်ပေးနိုင်မလား ဆိုတာရင်ခုန်စရာစောင့်ကြည့်ရမှာပါ။

ချယ်လ်ဆီးနှင့် အက်သလက်တီကို

ပထမအကျော့ အဝေးကွင်းမှာ ဂိုးမရှိသရေပွဲကစားခဲ့လို့ အခုပွဲမှာ ချယ်လ်ဆီးတို့ ပိုပြီးအားထုတ်ရပါတော့မယ်။ ချယ်လ်ဆီးကွင်းမှာ အရင်ကစားခဲ့ဖူးတဲ့ နောက်ဆုံးနှစ်ပွဲမှာ ချယ်လ်ဆီးတို့တစ်ပွဲနိုင် တစ်ပွဲရှုံးထားပါတယ်။ ချယ်လ်ဆီးနဲ့ အက်သလက်တီကိုတို့ရဲ့ နောက်ဆုံးလေးကြိမ်တွေ့ဆုံမှုမှာ နှစ်သင်းစလုံး တစ်ပွဲစီနိုင်ပြီး တစ်ပွဲစီရှုံးကာ နှစ်ပွဲသရေကျထားပါတယ်။

ချယ်လ်ဆီး နည်းပြ မော်ရင်ဟိုဟာ ခံစစ်နှင့်ကစားတဲ့ သူရဲ့ နည်းဗျူဟာကို အခုပွဲမှာလည်း ထုတ်သုံးဖို့ရှိနေတာမို့ ဘိုင်ယန်မြူးနစ်တို့ အဲဒီပိတ်ဆို့မှုကို ဘယ်လိုကျော်လွှားမယ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ မော်ရင်ဟိုရောဂွာဒီယိုလာပါ ချန်ပီယံလိဂ်ဖလားကို အရယူဖို့ အကြိတ်အနယ်ကြိုးစားနေကြတာမို့ အခုပွဲဟာ နောက်ဆုံးဗိုလ်လုပွဲတက်ဖို့ အဆုံးအဖြတ်ပေးတော့မှာကြောင့် အိတ်သွန်ဖာမှောက် ဗျူဟာခင်းကျင်းတော့မှာ ဖြစ်ပါတယ်။

နည်းပြတွေရဲ့ အရည်အချင်းရော ကစားသမားတွေရဲ့ အင်အားပါ တူညီနေတဲ့ ဒီနှစ်သင်းဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ရင်ခုန်အားပေးရသလို ဖြစ်နေမှာတော့ အမှန်ပါပဲ။ ။

ဟဲဗီးဝိတ်ချန်ပီယံ ကလစ်ချ်ကို စိန်ခေါ်သူကို ငါးချီဖြင့် အလဲထိုးပြီး ချန်ပီယံဆုများ ကာကွယ်

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဝါဒီမီယာကလစ်ချ်ကိုသည် စိန်ခေါ်သူ ဩစတြေးလျလက်ဝှေ့သမား အဲလက်ဇ်လီယာပိုင်အား ငါးချီဖြင့် အလဲထိုးပြီး ၄င်း၏ဟဲဗီးဝိတ်ချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့သည်။ အသက် ၃၈ နှစ်ရှိ ယူကရိန်းလက်ဝှေ့သမား ကလစ်ချ်ကိုသည် ဂျာမနီနိုင်ငံ အိုဘာသူဆန်မြို့၌ ယှဉ်ပြိုင်ထိုးသတ်သော ယင်းပြိုင်ပွဲတွင် ပွဲစပြီး တစ်မိနစ်အတွင်းမှာပင် အလဲထိုးချနိုင်ခဲ့သည်။ ငါးချီမြောက်အထိ ထိုးသော်လည်း ကလစ်ချ်က အချီဖြင့် ထိုးသတ်ပြီး အနိုင်ယူခဲ့သည်။ လီယာပိုင်သည် ဩစတြေးလျနိုင်ငံတွင် တစ်ချက်ကောင်း အလဲထိုးလက်ဝှေ့သမားအဖြစ် လူသိများကြသည်။ သို့သော်လည်း ကမ္ဘာ့ချန်ပီယံကလစ်ချ်ကိုအား ထိုးခွင့်မရဘဲ ငါးချီဖြင့် အဆုံးသတ်သွားခဲ့သည်။ လီယာပိုင်သည် ပထမဆုံးသော ဩစတြေးလျ ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာရန် မျှော်လင့်ထားခဲ့သည်။

နည်းပြ ရိုင်ယန်ဂစ်လက်ထက် မန်ယူနိုင်ပွဲစတင်ရရှိ

မန်ယူအသင်းသည် နည်းပြသစ်ဖြစ်လာသော ရိုင်ယန်ဂစ်လက်ထက်တွင် နော့ဝှစ်အသင်းနှင့်ယှဉ်ပြိုင်ရာ ပထမဆုံး ပြတ်သားစွာအနိုင်ပွဲကစားနိုင်ခဲ့သည်။ မန်ယူက နော့ဝှစ်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ရာ ရွန်နီနှင့် မာတာတို့က နှစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ မန်ယူတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် လာမည့်နှစ် ယူရိုပါလိဂ်နေရာကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နိုင်ငံတကာပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၆) — **မေ ၂၉**

အာဆင်နယ် - နယူးကာဆယ် — နံနက် ၁း၃၀

အီတလီစီးရီးအေ ပွဲစဉ်(၃၅) — **မေ ၂၉**

ဆက်ဆူအိုလို - ဂျူဗင်တပ်စ် — နံနက် ၁း၁၅

စပိန်လာလီဂါ ပွဲစဉ်(၃၅) — **မေ ၂၉**

ဆယ်လ်တာဗီဂို - ဗယ်လာဒိုလစ် — နံနက် ၂း၃၀

မေ ၂၆/၂၇ ဂိုးရလဒ်များ

ဂရန်နာဒါ	၀-၃	ဗယ်လက်ကာနို
ဂီတာဖေး	၁-၀	မာလာဂါ
ဘက်တစ်	၀-၁	ဆိုစီဒက်
ဘိုလော့ဂ်နာ	၀-၃	ဖီအိုရင်တီးနား
အင်တာ	၀-၀	နာပိုလီ
အဂျာစီယို	၁-၄	မိုနာကို
ရန်းနက်စ်	၁-၁	လော်ရီယန့်
နိုက်စ်	၁-၀	ရိမ်းစ်
မောင့်ပယ်လီယာ	၂-၁	တူးလော့စ်
ဂူအင်ဂမ့်	၁-၀	ဗလင်စီနက်စ်
အီဗီယန်	၁-၂	စိန့်အက်တီယန်
လေဗာကူဆင်	၂-၂	ဒေါ့မွန်
ဘန်လေ	၁-၀	အစ်ဆွစ်
ရှက်ဖီးဝမ်းနက်စ်ဒေး	၁-၃	ဘော်လ်တန်
ဘုန်းမောက်	၄-၁	နော်တင်ဟမ်
ဒွန်ကတ်စတာ	၁-၃	ရီးဒင်း
ချာလ်တန်	၁-၃	ဘလက်ဘန်း
ဟက်ဒါဖီးလ်	၀-၂	လက်စတာ
ကျူပီအာ	၁-၁	မီဝေါလ်
မစ်ဒယ်ဘရော့	၃-၁	ဘန်စလေ
ဝီဂန်	၀-၂	ဘလက်ပူးလ်
ဒါဘီ	၄-၂	ဝက်ဖို့ဒ်
ဘာမင်ဂမ်	၁-၃	လိဒ်

အက်သလက်တီကိုအား ရီးရဲမက်ဒရစ် ဆက်လက်ဖိအားပေး

စပိန်လာလီဂါတွင် ရီးရဲမက်ဒရစ်က အိုဆာဆူနာကို လေးဂိုးပြတ်ဖြင့် အနိုင်ယူပြီး ထိပ်ဆုံးရောက် အက်သလက်တီကိုအား ဆက်လက်ဖိအားပေးခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် စီရိုနယ်ဒိုက နှစ်ဂိုးသွင်းယူပေးခဲ့ပြီး အက်သလက်တီကိုကိုမီရန် သုံးမှတ်သာလိုတော့သည်။ ဆာဂျီရာဖို့ဒ်နှင့်လူစားဝင်လာသူ ကာဗာဂျယ်တို့ကလည်း တစ်ဂိုးစီးသွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ဇယားဒုတိယနေရာသို့ တက်လာသည်။ ရီးရဲမက်ဒရစ်က ယင်းပွဲအပါအဝင် လေးပွဲဆက်တိုက် အနိုင်ရလိုက်ခြင်းဖြစ်သည်။

မရမ်းကုန်းအော်တိုတယ်လီဖုန်းဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တယ်လီဖုန်း(ကြိုး)လိုင်းသုံးစွဲသူ မိဘပြည်သူများအား

အသိပေးတင်ပြခြင်း

ရန်ကုန်မြို့ မရမ်းကုန်းအော်တိုတယ်လီဖုန်းဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တယ်လီဖုန်း(ကြိုး)လိုင်း၏ (Out Side Plant-OSP)လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(Repair and Maintenance)ကို ၂၀၁၄ ခုနှစ် မေလ ၁ရက်မှစ၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ မရမ်းကုန်းမြို့နယ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုတယ်လီဖုန်းအိတ်ချိန်းဌာနကိုယ်စား မြန်မာ့ဆက်သွယ်ရေးကွန်ယက်အများပိုင်ကုမ္ပဏီလီမိတက်(Myanmar Telecommunication Network Public Co.,Ltd-MTN)သည် ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါ တယ်လီဖုန်း(ကြိုး)လိုင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် MTN ၏ ဝန်ဆောင်မှုပေးခြင်းသာဖြစ်ပြီး တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများထံမှ အခကြေးငွေကောက်ခံခြင်းပြုမည်မဟုတ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ တယ်လီဖုန်းလိုင်းပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းကိစ္စများနှင့်ပတ်သက်၍အောက်ပါစကားပြော ကြေးနန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း တင်ပြအပ်ပါသည်-

Complaint အတွက် မရမ်းကုန်းမြို့နယ်အတွင်းရှိ တယ်လီဖုန်းအမှတ် ၆၅×××× သို့မဟုတ် ၆၆×××× ဖြင့်စသော တယ်လီဖုန်းများအတွက် Hotline 102 သို့ အခမဲ့ခေါ်ဆို နိုင်ပါသည်။

Operator Service အတွက် 650000, 660000, 966900, များသို့ ခေါ်ဆိုနိုင်ပါသည်။

မှတ်ချက်။ လစဉ်တယ်လီဖုန်းခေါ်ဆိုခတောင်းခံခြင်း (Monthly Billing)ကိုမူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လက်ရှိစနစ်အတိုင်းပင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

MYANMAR TELECOMMUNICATION NETWORK (PUBLIC) CO.,LTD.
Building(8).4th Floor, Junction Square, Kamayut Township, Yangon, Myanmar
Tel: 951-1-2305523, 2305524

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဌာနဆိုင်ရာ

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြုပြင်ဆောင်ရွက်ပေးမှုများအား ထုတ်ပြန်ကြေညာ

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးပြုပြင်ပြောင်းလဲမှုကဏ္ဍ ဆောင်ရွက်ချက်များ

ယခင် တင်ပို့တင်သွင်းခွင့်သတ်မှတ်ထားသော ပစ္စည်းများကို အမယ်အလိုက်သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ အဆင့်ဆင့်ဖြေလျှော့ တင်ပို့/တင်သွင်းခွင့်ပြုခဲ့ရာ ကုန်သွယ်မှုပမာဏတိုးတက်ရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးတို့အတွက် ကုန်ပစ္စည်းလျှောက်ထားမှုများကို အဆင့်ဆင့်ဖြေလျှော့ခွင့်ပြုပေးခဲ့ခြင်းများအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၃)နှင့် (၃၃/၂၀၁၃)တို့ဖြင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ အစိုးရဝန်ကြီးဌာနများအား ပို့ကုန်ပစ္စည်း ၁၅၂ မျိုး၊ သွင်းကုန်ပစ္စည်း ၁၆၆ မျိုးတို့ကို ပို့ကုန်/သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုဘဲ တင်ပို့/တင်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းများအဖြစ် ခွင့်ပြုထုတ်ပြန်ခဲ့ပြီး ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူရှင်းလင်းစွာဆောင်ရွက်နိုင်ရန်အတွက် သွင်းကုန် ၁၆၆ မျိုးအပေါ် HS လိုင်းဖြင့် ၁၉၂၆ လိုင်း လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုထားပါသည်။ ယခုထပ်မံ၍ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုသည့် ပို့ကုန်ပစ္စည်း ၁၅၂ မျိုးအပေါ် လက်ရှိကျင့်သုံးနေသော HS Code 2012 Version စနစ်ဖြင့် HS Code လိုင်းပေါင်း ၉၈၃ လိုင်းအဖြစ် ထပ်မံသတ်မှတ်ကြောင်းနှင့်အကောက်အခွန် လိုင်း ၉၈၃ လိုင်းမှအပ ကျန်သော HS Code များအတွက် ပို့ကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၉-၂-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၄)ဖြင့် ထုတ်ပြန်ကြော်ငြာခဲ့ပါသည်။

-ငွေလဲနှုန်းတည်ငြိမ်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နေ့စဉ်ငွေလဲနှုန်းများ၊ အပတ်စဉ်ငွေလဲနှုန်းများရယူပြုစု စုဆောင်းပြီး နေ့စဉ်ပုံမှန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

-ကုန်သွယ်မှုပမာဏအနေဖြင့် ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာသန်း ၅၆၀၀ ကျော်မိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

-ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၄-၂-၂၀၁၄ ရက်နေ့မှ ၂၅-၂-၂၀၁၄ ရက်နေ့အထိ ဒေသထုတ်ကုန်ပြပွဲနှင့် ဒေသထုတ်ကုန်များဈေးကွက်ပိုမိုရရှိရေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ၂၈-၂-၂၀၁၄ ရက်မှ ၃-၃-၂၀၁၄ ရက်အထိ ကျေးလက်ဒေသအသေးစား ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်သွယ်မှုအခက်အခဲများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးနိုင်ခဲ့ပါသည်။

၃။ သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန

-အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေသည့်စနစ်ဖြင့် အကျိုးတူဆောင်ရွက်နေသော ကုမ္ပဏီများမှ အောက်ပါဓာတ်သတ္တုများကို ပြည်ပသို့တင်ပို့ရောင်းချခဲ့ပါသည်-

(၁) ခဲနှင့်ရောရာသတ္တုရိုင်း- ၂၅၀၀ မက်/တန်-ကျပ်သန်းပေါင်း ၁၅၀

(၂) ခဲသတ္တုသန့်စင် - ၃၁၅. ၂ မက်/တန်-ကျပ်သန်းပေါင်း ၂၅. ၂၁၆

(၃) ခနောက်စိမ်းသတ္တုရိုင်း- ၇၀ မက်/တန် -ကျပ်သန်းပေါင်း ၂၄. ၅

ဆရာတော်ဘဒ္ဒန္တဇာဂရာဘိဝံသမှ မလေးရှားနိုင်ငံ MAHA SUMERY BUDDAHST SELANGORDE အတွက် ထိုင်တော်မူ ၁၂ ပေအမြင့် အလေးချိန် ရှစ် တန် တစ်ဆူကို ပြည်ပတင်ပို့ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၈/၂၀၁၄) ဖြင့် သဘောတူခွင့်ပြုချက်ဖြင့် ပို့ကုန်လိုင်စင်အတွက် ထောက်ခံချက်ထုတ်ပေးခဲ့ပါသည်။

မြန်မာ့သတ္တုတွင်း ဥပဒေ (၁၉၉၄)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပါသည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေ (၁၉၉၄)ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ပြုစု၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်ပေးရန် ပေးပို့ထားပြီး စိစစ်ချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၄။ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ

ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်အကောက်ဆိုင်ရာ ဥပဒေမူကြမ်းအား ၂၄-၂-၂၀၁၄ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်ပါသည်။

၅။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပစ္စည်းစီမံရေးဌာန

သီလဝါစက်မှုဇုန်ဓာတ်အား ရရှိရေးအတွက် Japan ODA မှ ချေးငွေယူရန် loan Agreement ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုရန် စာချုပ် မူကြမ်းကို ဌာန(၄)ခု၏ သဘောထားမှတ်ချက် တောင်းခံထားဆဲ ဖြစ်ပါသည်။

သာကေတသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွင် တပ်ဆင်အင်အား 503 MW ရှိသည့် Gas Turbine တည်ဆောက်ရန် BKB (Korea) Co.,Ltd နှင့် MoA ရေးထိုးပြီးဖြစ်ပါသည်။ PPA လက်မှတ်ထိုးရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။

သာကေတ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွင် တပ်ဆင်အင်အား 513 MWရှိသည့် Gas Turbine တည်ဆောက်ရန်URE C(China) Co.,Ltd နှင့် MoU ရေးထိုးပြီးဖြစ်ပါသည်။ FS ညှိနှိုင်းစိစစ်ဆဲဖြစ်ပါသည်။

မော်လမြိုင်မြို့တွင် စက်တပ်ဆင်အင်အား 230MW ရှိသည့် Gas Turbine တည်ဆောက်ရန် Myanmar Lighting Co., Ltd နှင့် MoA ရေးထိုးပြီးဖြစ်ပါသည်။ PPA လက်မှတ်ထိုးရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။

၆။ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (နေပြည်တော်)

ပြည်ပပို့ကုန်များ တင်ပို့ရာတွင် EU အဆင့်မီသည့် အအေးခန်းစက်ရုံ ၁၄ ရုံမှ ၂၀ ရုံသို့ တိုးမြှင့်ရေးကို ပံ့ပိုးလျက်ရှိရာ စက်ရုံ ခြောက်ရုံအား ၁၀-၂-၂၀၁၄ ရက်နေ့တွင် EU သို့ တရားဝင် တင်ပို့ခွင့်ကို အသိအမှတ်ပြုချက် ရရှိခဲ့ပါသည်။ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့ခွင့်ကို အသိအမှတ်ပြုချက် ရရှိခဲ့ပါသည်။ တရုတ်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့ခွင့်ကို ၁၄-၂-၂၀၁၄ ရက်နေ့တွင် လုပ်ငန်းရှင် နှစ်ဦးက ရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထွန်းနေလင်းစက်ရုံမှ NAFIQAD၏ အသိအမှတ်ပြုချက် ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့သဖြင့် ဗီယက်နမ်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့ခွင့် ရရှိခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မိုင်းဖြတ်မြို့တွင် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

မိုင်းဖြတ် မေ ၂၇

ရှမ်းပြည်နယ် မိုင်းဖြတ်မြို့တွင် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းခြင်းနှင့် မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြပွဲကို မေ ၂၃ ရက် နံနက် ၁၁ နာရီက ဈေးတန်းရပ်ကွက်ရှိ မြို့မဈေး၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကိုကိုနိုင်က မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းနိုင်ဦးက မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများက မီးငြိမ်းသတ်နည်းနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြကြသည်။

ဝေယံလင်း

ကျေးလက်ဒေသဖွံ့ဖြိုး လပွတ္တာလုပ်ကြီး-ချောင်းဝ ချောင်းကူးတံတားသစ်ဖွင့်

မော်လမြိုင်ကျွန်း မေ ၂၇

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် လပွတ္တာလုပ်ကြီးကျေးရွာအုပ်စု လပွတ္တာလုပ်ကြီး- ချောင်းဝ ရန်အောင် အမှတ်(၂) ချောင်းကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် မွန်းတည့် ၁၂ က ရန်အောင် အမှတ်(၂) ချောင်းကူးတံတား ထိပ်၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်က လမ်း-တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လပွတ္တာလုပ်ကြီး-ချောင်းဝတံတားကို မြို့နယ်ရဲ့တပ်ဖွဲ့မှူး ရဲမှူးမင်းသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လပွတ္တာလုပ်ကြီး-ချောင်းဝ ရန်အောင်အမှတ်(၂) တံတားကို ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၅၅ ပေ၊ တံတားအကျယ် ၇ ပေ ရှိသော ချောင်းကူးတံတားဖြစ်ပြီး ရန်အောင် အမှတ်(၂) ချောင်းဝတံတား ဆောက်လုပ်ပြီးစီးသွားသဖြင့် အနီးအပါးကျေးရွာ ငါးရွာတို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားပြီဖြစ်ကြောင်း သိရသည်။ (ဝ၆၅)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပရိဘောဂပစ္စည်း ၁၇ မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၈-၅-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ ငွေစာရင်းဌာန၊ ဖုန်း-၀၆၇-၄၁၆၆၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် မြန်မာစက်မှုဆိပ်ကမ်းတို့တွင် ထိန်းသိမ်းထားရှိသော ရက်ပေါင်း၆၀ကျော် လေလံစာရင်းဝင် ဒီဇယ်အင်ဂျင်နှင့် စက်ကိရိယာများ၊ စားအုန်းဆီကုန်ကြမ်းများနှင့် အထည်အလိပ်များအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၁၆-၅-၂၀၁၄ ရက် ၁၂း၃၀ နာရီတွင် ဈေးပြိုင်လေလံစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင်ထုခွဲရောင်းချခြင်းဆိုင်ရာစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်/ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၈-၄-၂၀၁၄ ရက်မှ ၁၅-၅-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် ကလေးမြို့ စက်ခေါင်းရုံမှ အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁/၂၀၁၄-၂၀၁၅/မပ	ချောဆီပျက် (၁၂၀၀)ဂါလန်	1 Lot

တင်ဒါပိတ်ရက်/အချိန် - ၁၂-၅-၂၀၁၄ရက် (တနင်္လာနေ့) ၁၂း၀၀ နာရီ
တင်ဒါဖွင့်ရက်/အချိန် - ၁၂-၅-၂၀၁၄ရက် (တနင်္လာနေ့) ၁၃း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၉-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အထွေထွေမန်နေဂျာ၊ အထက်မြန်မာပြည်/မန္တလေး
မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာန
ဖုန်း-၀၂-၃၅၈၂၉

အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရန် ဖိတ်ခေါ်ခြင်း

ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်အတွင်းမှ လျှပ်စစ်ဓာတ်အားသွယ်တန်းရယူရန် ခက်ခဲသောဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ (၃၀ မဂ္ဂါဝပ်နှင့်အောက်)အား B.O.O (Build Operate Own) စနစ်ဖြင့်တည်ဆောက်၍ အဆိုပါဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်/ဖြန့်ဖြူး/ရောင်းချလိုသော အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အောက်ပါအချက်အလက်များနှင့်အတူ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့သို့ လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

(က) အသင်းအဖွဲ့၊ ကုမ္ပဏီ၊ လုပ်ငန်းများရှင်၏ တရားဝင်ဖွဲ့စည်းမှတ်ပုံတင်ထားသော စာရွက်စာတမ်းအထောက်အထားများ။

(ခ) တည်ဆောက်လိုသည့် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တည်နေရာ မြေပုံညွှန်းနှင့်တကွ မြေပုံကြမ်း။

(ဂ) ကနဦးစူးစမ်းလေ့လာတွေ့ရှိမှုများပါရှိသည့် လုပ်ငန်းစီမံချက်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့
တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (မိုင်းဖြတ်မြို့)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၁။ စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ခွဲကျောက်ရွယ်စုံ	၂၁၉၈.၆၃ကျင်း
(ခ)	သဲ	၇၉.၃၃ ကျင်း
(ဂ)	ဘိလပ်မြေ	၉၀၅ အိတ်
(ဃ)	သံချောင်းရွယ်စုံ	၃.၅တန်
(င)	သစ်ခွဲသား	၂၂၅ ကုဗပေ
(စ)	ချောင်းသဲကျောက်	၉၆၁ကျင်း

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၂-၅-၂၀၁၄ရက်၊ ၁၆း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၄-၅-၂၀၁၄ရက်၊ ၁၀း၀၀နာရီ
တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဖြတ်မြို့။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ၃၀-၄-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ၊ မိုင်းဖြတ်မြို့
ဖုန်း-၀၈၄-၆၃၀၂၁၊ ၀၉-၄၂၈၂၂၉၄၀

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မိုးထိကျောင်းတိုက် စည်သာကျောင်း ဦးစီးပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး မြောက်ပြင် ဥပုသ်တော်ရပ် အောင်မြေသာစံမြို့နယ် ခမည်းတော် ဦးရ+မယ်တော် ဒေါ်ရီတို့မှ ၁၂၈၂ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ် ဆရာတော်ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၀၂ ခုနှစ် မန္တလေးတိုင်းဒေသကြီး မစိုးရိမ်တိုက်သစ် သစ်ဆိမ့်တိုက် ခဏ္ဍသိမ်တော်၌ ဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် တောဝေးကန်အရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စ၊ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ ချမ်းအေးသာစံမြို့နယ် စကုတိုက်ဆရာတော် ဘဒ္ဒန္တဝိသာရဒ၊ ရန်ကုန်မြို့ ဗားကရာတိုက် မင်္ဂလာမှန်ကျောင်း ဆရာတော် ဘဒ္ဒန္တသာသနတို့ထံတွင် ပရိယတ္တိစာပေများ သင်ကြားဆည်းပူးတော်မူသော သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူတို့ကို အောင်မြင်ခဲ့ပါသည်။

သာသနာရေးအားပေးဆောင်ရွက်ပေးတော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ် စည်သာကျောင်း၊ မိုးထိကျောင်းတိုက်တွင် သံဃာတော်များအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးလျက်ရှိခြင်း၊ ခရစ်ယာန်ဘာသာဝင်အိမ်ထောင်စု ခုနစ်စုနှင့် ဟိန္ဒူဘာသာဝင် အိမ်ထောင်စု ၂၁ စုတို့အား ဗုဒ္ဓဘာသာတို့ သက်ဝင်ယုံကြည်လာအောင် စည်းရုံးဆောင်ရွက်နိုင်ခြင်း၊ တရားဓမ္မများ ဟောကြားပြသခြင်း၊ လောကီ လောကုတ္တရာ ကြီးပွားကြောင်း မင်္ဂလာတရားတော်စာအုပ်၊ ကြောင်းကျိုးနှစ်ဖြာနိယာမတရားစာအုပ်၊ ၃၈ ဖြာမင်္ဂလာတရားတော်စာအုပ်များရေးသားခြင်း၊ ၁၉၈၃ ခုနှစ်မှစ၍ ယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ကာ နှစ်စဉ်သင်တန်းသား ၇၀ ကျော်တို့အား ဗုဒ္ဓယဉ်ကျေးမှုစာပေများ သင်ကြားပို့ချပေးခြင်းစသော သာသနာပြုတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်တိုးတက်ပြန့်ပွားရေးကို အထူးဆောင်ရွက်တော်မူခြင်း ဝိသိဋ္ဌဗုဒ္ဓသာသနာဝိမိုကရဂုဏ်၊ ဗုဒ္ဓသာသနာတော်အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနာဟိတရေဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူးစောင့်ရှောက်တော်မူခြင်း၊ ဝိသိဋ္ဌဗုဒ္ဓသာသနာနုရက္ခိတဂုဏ်စသည့် သီလသမာဓိပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်မြတ်ကို ၁၃၇၄ ခုနှစ်တွင် အလှူခံရရှိတော်မူပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ ၁၃၇၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်၊ ဧပြီ ၂၄ ရက် ကြာသပတေးနေ့ နံနက် ၃ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပုဗ္ဗသီရိမြို့တွင် မီးဘေးကြိုတင်ကာကွယ်မှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၇ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈အုပ်စုတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၅ရက် နံနက်၉နာရီခွဲတွင် ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော် ဦးဆောင်သော ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဇော်၊ မြို့နယ် မီးသတ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် ပုဗ္ဗသီရိမြို့မဈေးနှင့် ကျည်တောင်ကန်(၁)ရပ်ကွက်ကျည်တောင်ကန်ဈေးများသို့ သွားရောက်၍ ဈေးအတွင်းမီးဘေးကြိုတင်ကာကွယ်ဆောင်ရွက်မှုများ စစ်ဆေးခဲ့သည်။ ဆက်လက်၍ ပုဗ္ဗသီရိအမှတ်(၁) မီးသတ်စခန်းရှိ မီးသတ်ယာဉ်များ၊ စက်သုံးဆီနှင့် ရေအသင့်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) သူဇာလှိုင်(စက်မှု)

မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးသင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

လက်ပံတန်း ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ဧပြီ ၂၅ ရက် နံနက် ၈ နာရီက အထက(ခွဲ)မြို့မခန်းမဆောင်၌ မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများ၊ သင်တန်းပို့ချဆရာ၊ ဆရာမကြီးများ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသားဆရာ ၁၉ဦး၊ ဆရာမ ၉၃ ဦး စုစုပေါင်း ၁၁၂ဦး တက်ရောက်ကြပြီးသင်တန်းကာလမှာ ဧပြီ ၂၃ ရက်မှ မေ ၂၃ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသည် UNFPA ၏ ကူညီပံ့ပိုးမှုဖြင့် မေ ၅ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့ (International Midwives Day) အထိမ်းအမှတ် အခမ်း အနားကို မေ ၃ ရက်တွင် ရန်ကုန်သူနာပြုတက္ကသိုလ် (ပင်မ) ခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ သူနာပြုနှင့် သားဖွားအသင်းများမှ သားဖွားဆရာမကိုယ်စားလှယ် နှစ်ဦးစီနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အသင်းဝင် သူနာပြုနှင့်သားဖွားဆရာမများ တက်ရောက် ဆွေးနွေးကြမည် ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များသည် မေ ၂ ရက်ထက် နောက်မကျဘဲ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

ရီရီသန့်

တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရေတွင်း၊ ရေကန်များ အောင်မြင်စွာဖွင့်လှစ်

တမူး ဧပြီ ၂၇

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လွှတ်တော်ရန်ပုံငွေ ၂၅ သိန်းဖြင့် မြို့နယ်လုံးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော တမူးမြို့နယ် ရေအေးကျေးရွာတွင် ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးဆောင်ရွက်မှုအောင်မြင်ခြင်းအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေက အမှာစကားပြောကြားပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လုပ်ငန်းတာဝန်ခံ ဦးမောင်သိန်းက ရှင်းလင်းတင်ပြကာ ရေတွင်း၊ ရေကန်၊ ရေစင်တို့ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အလားတူ ယင်းနေ့ညနေ ၃ နာရီတွင် ရေနန်းကျေးရွာတွင်လည်း လွှတ်တော်ရန်ပုံငွေ ၁၆ သိန်းဖြင့် ရေကန်၊ ရေစင်တို့ကို ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါ အများသုံး ရေတွင်း၊ ရေကန်များမှ ရေအလုံအလောက်ပေးဝေနိုင်မှုကြောင့် နွေရာသီသောက်သုံးရေရှားပါးမှုမှ ကင်းဝေးနိုင်ပြီဖြစ်ရာ ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

ကျော်ကြီး

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ပြန်လည်ပြုပြင်သုံးစွဲရန် မသင့်တော့သည့် ဖော်ကာ-၂၈ လေယာဉ်ကိုယ်ထည်နှင့် အရန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူများအနေဖြင့် လေလံလျှောက်လွှာများကို ၂-၅-၂၀၁၄ ရက်မှ ၇-၅-၂၀၁၄ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် ဝယ်ယူနိုင်ပါသည်။

မြန်မာ့လေကြောင်း၊ အုပ်ချုပ်ရေးဌာန၊
အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်၊
ဖုန်း-၀၁-၃၇၄၅၉၅၊ ၀၉-၂၅၄၂၁၉၆၂၉

ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်း အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

ရုံးသုံးစက်ကိရိယာ

(၁) မိတ္တူကူးစက် (Model Bizhyb 195) (၅)လုံး

၂။ အိတ်ဖွင့်တင်ဒါများကို ၁၄-၅-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်သို့ပေးပို့ရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ရုံးအမှတ် ၂၅၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၀၄၁၇၃၊ ၀၆၇-၄၀၄၁၄၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	တင်သွင်းရမည့်ရက်/အချိန်	ပုံစံထုတ်ယူရန်ရက်
(၁)	Computer (34 Sets)	၁၅-၅-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ	၂၉-၄-၂၀၁၄
(၂)	Steel Wire & Nylon Ropes		
(၃)	UPG Paints		
(၄)	Stationery	၂၀-၅-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ	၂-၅-၂၀၁၄
(၅)	Tyres & Battery		
(၆)	Lubricants		
(၇)	Express Bus (3 Nos)	၂၃-၅-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ	၅-၅-၂၀၁၄

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် အထက်ဖော်ပြပါရက်များမှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂တို့ကို စုံစမ်းနိုင်ပါသည်။

ပစ္စည်းထိန်းချုပ်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးခင်ကျော် CDC-59892 ကိုင်ဆောင်သော EER လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဦးခင်ကျော် ဖုန်း-၀၉-၂၅၀၆၄၅၀၆၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ ၃၀ခု၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကတ္တရာခင်းခြင်းလုပ်ငန်းများအတွက် လိုအပ်ကတ္တရာတန်အား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကတ္တရာ (၈၀/၁၀၀)	၁၂၃၃.၂၉ တန်

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၈-၄-၂၀၁၄ ရက်မှ ၂-၅-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၃-၅-၂၀၁၄ ရက်
(ဂ) **တင်ဒါဖွင့်ရက်** - ၄-၅-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၇၁-၂၃၁၅၂ နှင့် အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၂၅၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

သမဝါယမဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန ပဲခူးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမဦးစီးဌာနရုံးများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော ရုံးသုံးကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း(၂၈)စုံ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၈-၄-၂၀၁၄ ရက်မှ ၈-၅-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရမည့်ရက်** - ၉-၅-၂၀၁၄ရက်၊ ၁၀း၀၀ နာရီအထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၊ ပဲခူးမြို့
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၉-၅-၂၀၁၄ ရက်၊ ၁၁း၀၀ နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၅၂-၂၂၅၂၁၊ ၀၅၂-၂၁၂၁၂၊ ၀၅၂-၂၁၉၅၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆောက်အအုံ မွမ်းမံလာမည့် အောက်တိုဘာလအတွင်း ပြီးစီးမည်ခန့်မှန်း

ရန်ကုန် ဧပြီ ၂၇

ရန်ကုန် ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့် မွမ်းမံပြုပြင်နေမှုမှာ လာမည့် အောက်တိုဘာလအတွင်း ပြီးစီးနိုင်ကြောင်း ရန်ကုန်ဆေးရုံကြီး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ပင်မအဆောက်အအုံကို ငါးထပ်အဆောက်အအုံအဖြစ် အဆင့်မြှင့်တင် မွမ်းမံတဲ့အပြင် ဆေးရုံအတွင်းမှာ အသုံးပြုတဲ့ ဆေးရုံသုံးပစ္စည်းများကိုပါ အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံရေးကော်မတီဝင် ရန်ကုန်ဆေးရုံကြီးမှ ဒေါက်တာလှမြင့်က ပြောသည်။

အဆိုပါ ဆေးရုံကြီး အဆင့်မြှင့်မွမ်းမံရေးအတွက် နိုင်ငံတော်က ကျပ်သန်းပေါင်း ၅၀၀၀ ချပေးခဲ့ပြီး ဆေးရုံကြီးအတွင်းရှိ ဆေးရုံသုံးပစ္စည်းများ အဆင့်မြှင့်တင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၄၅၀၀ ခွင့်ပြုပေးထားကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပြုပြင်မွမ်းမံနေစဉ်အတွင်း ရန်ကုန်ပြည်လမ်းမပေါ်ရှိ ယခင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အဆောက်အအုံဟောင်းကို ပြုပြင်မွမ်းမံထားပြီးဖြစ်ရာ လူနာများကို ယင်းအဆောက်အအုံသို့ ပြောင်းရွှေ့ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၏ လေးထပ်ပင်မဆောင်ကို လက်ရှိနေရာတွင် ၁၉၀၅ ခုနှစ် မေ ၆ ရက်က အုတ်မြစ်ချ တည်ဆောက်ခဲ့ပြီး ၁၉၁၁ ခုနှစ်တွင် ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်း ပင်မအဆောက်အအုံကြီးကို စတင်ဖွင့်လှစ်စဉ်က ရန်ကုန်ဆေးရုံကြီး၌ ၃၄၂ ခုတင် ဖြင့်သာ ကုသနိုင်ခဲ့သော်လည်း ၁၉၆၂ ခုနှစ်တွင် ခုတင် ၁၅၀၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ရန်ကုန် ဆေးရုံကြီးသည် ရန်ကုန်မြို့ရှိ ပြည်သူများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများ အားထားရသည့်ဆေးရုံကြီးဖြစ်ခဲ့ပြီး အဆင့်မြှင့်တင် မွမ်းမံပြီးစီးသွားပါက ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေး ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-သဏ္ဍ

တောင်ငူ၌ ဆင့်ပွားဓမ္မစကူးလ် ဆရာဖြစ်သင်တန်းဖွင့်

တောင်ငူ ဧပြီ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဆံတော်မရမ်းကျောင်းတိုက်ရှိ စာရိတ္တဓမ္မစကူးလ်ကျောင်းတွင် ရန်ကုန်မြို့ ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဆင့်ပွားဓမ္မစကူးလ် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်၌ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စာရိတ္တဓမ္မကျောင်း၏ ဩဝါဒါစရိယ ရွှေဆံတော် မရမ်းကျောင်းတိုက်ဆရာတော် အရှင်တေဇောသာရနှင့် ရန်ကုန်မြို့မှ နာယကဆရာတော် ဒေါက်တာ အရှင်ထေရာသဘ ဆရာတော်တို့က ဩဝါဒကထာ ချီးမြှင့်တော်မူကြသည်။

ရန်ကုန်မြို့ ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ဆင့်ပွားဓမ္မစကူးလ် ဆရာဖြစ်သင်တန်းကို ဧပြီ ၂၃ ရက်မှ ၂၈ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဆရာ ဆရာမ ၆၀ နှင့် လေ့လာသူ ၆၀ တို့တက်ရောက်ကြကာ တောင်ငူဒေသတွင်း အပတ်စဉ် သင်ကြားပေးမည့် ဓမ္မစကူးလ်ကျောင်းပေါင်း ၂၀ ထပ်မံဖွင့်လှစ်နိုင်ရန် သင်ကြားပို့ချခြင်းဖြစ်ကြောင်းသိရသည်။ဖွင့်ပွဲအခမ်းအနားသို့ တောင်ငူမြို့ စာရိတ္တဓမ္မကျောင်း အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ သင်တန်းဆရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။ **(၁၁၅)**

အခြေခံပညာရေး ဥပဒေရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၇

အခြေခံပညာရေး ဥပဒေရေးဆွဲရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ယူနီဆက်(မြန်မာ)ရုံး ပညာရေးဌာနအကြီးအကဲ Dr. Cliff Meyers က နှုတ်ခွန်းဆက်စကားပြောကြားပြီး အခြေခံပညာရေးဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များအတွက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ (CESR) အမျိုးသားအကြံပေးပုဂ္ဂိုလ်များ၊ လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ (CESR)ရုံးမှ ကိုယ်စားလှယ်များ၊ AusAID နှင့်ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်များက အခြေခံပညာရေးဥပဒေရေးဆွဲရေးအတွက် ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခွာဘုန်-လောင်တလန်ကျေးရွာချင်းဆက် ဂျစ်ကားလမ်းသစ်ဖွင့်

ထန်တလန် ဧပြီ ၂၇

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေနှင့် ဒေသခံပြည်သူတို့ပူးပေါင်းဖောက်လုပ်သော ထန်တလန်မြို့နယ် ခွာဘုန်-လောင်တလန်ကျေးရွာချင်းဆက်ဂျစ်ကားလမ်းဖွင့်ပွဲကို ဧပြီ ၂၄ရက် နံနက် ၉နာရီကအဆိုပါလမ်းပေါ်၌ ကျင်းပရာ ချင်းပြည်နယ်လျှပ်စစ်ဝန်ကြီး ဦးကျင့်လျန်းပေါင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိုးလင်းနှင့် လမ်းကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ပြီးပြည်နယ်ဆောက်လုပ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်ကလမ်း ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ကြောင်း သိရသည်။

လမ်းဖောက်လုပ်ရေးအတွက် နိုင်ငံတော်မှ ငွေကျပ်သိန်း ၄၀၊ ခွာဘုန်နှင့် လောင်တလန်ကျေးရွာမှ ကောက်ခံရရှိငွေကျပ် ၂၇၂သိန်း၊ ခွာဘုန်-လောင်တလန်ကျေးရွာအုပ်စု မိတ်သဟာယအဖွဲ့က ၃၄ ဒသမ ၆သိန်း၊ လှမ်ဖေကျေးရွာက ၉ ဒသမ ၅သိန်း စုစုပေါင်းငွေကျပ် ၃၅၆ ဒသမ ၁သိန်းအပြင် ချင်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ဆန်အိတ် ၅၀ တို့ဖြင့် ပံ့ပိုးခဲ့ခြင်းဖြစ်ပြီး ခွာဘုန်-လောင်တလန်ကြား ၁၂မိုင်ကို ရှစ်ပေအကျယ် ဂျစ်ကားလမ်းအဖြစ် လွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်၍ မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ထန်တလန်မြို့တွင်နေထိုင်သော ၄င်းကျေးရွာဇာတိစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ထန်တလန်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း တခြားဖွံ့ဖြိုးရေးရန်ပုံငွေများမပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေတစ်ခုတည်း၌ပင် ငွေကျပ်သိန်း ၁၆၀ဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တစ်နှစ်ပြည့် မွေးနေ့ဆုတောင်း

၂၈-၄-၂၀၁၄ရက်တွင် ကျရောက်သော သားလေး မောင်ဘုန်းမြတ်တေဇာအောင်၏ တစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ် ၁၀၀ တိုင် ချစ်သောမိသားစုနှင့် ပျော်ရွှင်စွာဖြတ်သန်းလျက် လောကီ၊ လောကုတ္တရာနှစ်ဖြာ၌ အောင်မြင်ထူးချွန်သော သားကောင်းရတနာတစ်ယောက်ဖြစ်ပါစေရန် မွေးနေ့ဆုမွန်တောင်းအပ်ပါသည်။

ချစ်ဖေဖေ- ဦးတေဇာအောင်-ဒါရိုက်တာ (ငွေတောင်တန်းကုမ္ပဏီ)
ချစ်မေမေ- ဒေါ်နွယ်နွယ်ခိုင်ဦး

မွေးနေ့ဆုတောင်း

၂၈-၄-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကျရောက်သော **ဦးအောင်အောင်မိုး**၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး - မိုးသီတာဝင်း
ချစ်သူငယ်ချင်း - သက်သက်သိန်း
ချစ်သူငယ်ချင်း - ခင်ခင်မာ

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေးကျင်းပရန် ဖိတ်ကြားခြင်း

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၄ခုနှစ် မေ ၁ ရက်တွင် အမှတ် ၈၁၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းရှိ Faith Bible Seminary (FBTS) ကျောင်း၌ နံနက် ၁၁း၀၀ နာရီတိတိတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများနှင့် စိတ်ဝင်စားသူတိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အင်တိုက်အားတိုက် စုံစုံလင်လင်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တီးတိန်မြို့နယ်အသင်း (ရန်ကုန်)

မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
၁/၂၀၁၄-၂၀၁၅ ကြိမ်မြောက် သစ်လုံးဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ပြည်တွင်းသုံး သစ်လုံးကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၈-၅-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး (၅၇၀၀)တန်ခန့် ပိတောက်ခွဲသား (၁၀)တန်ခန့်

(ဂ) **ရောင်းချမည့်နေရာ** - အမှတ် (၁၀၃)၊ သစ်စက်၊ ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး။

၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း Web-Site ဖြစ်သော www.myanmatimber .com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆င/၈၇၅၀ TOYOTA CALDINA (ST 210) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါမြင့် ၉/ညဥန(နိုင်)၁၁၁၀၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၈၀၂၅ Mitsubishi Pajero, S/W ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၁၂/မဘန(နိုင်)၀၇၃၃၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

ချမ်းမြေ့ရိပ်သာ(မှော်ဘီ)တွင် ကုသိုလ်ဖြစ် မျက်စိခွဲစိတ်ခံယူမည့် မျက်စိရောဂါဝေဒနာရှင်များ သိသာပါရန်

ချမ်းမြေ့ရိပ်သာ(မှော်ဘီ) ကုသိုလ်ဖြစ်မျက်စိကုသရေးဆေးခန်းတွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်များက မျက်စိစစ်ဆေးခံကာ တိုကင်လက်မှတ်အဝါရောင်နှင့် တိုကင်လက်မှတ်အနီရောင်တို့ လက်ခံရရှိထားသော မျက်စိရောဂါဝေဒနာရှင်များကို ချမ်းမြေ့ရိပ်သာ(မှော်ဘီ) ကုသိုလ်ဖြစ်မျက်စိကုသရေးဆေးခန်းတွင် ၂၀၁၄ ခုနှစ် မေလဆန်းတွင် တတိယအကြိမ် မျက်စိခွဲစိတ်ကုသပေးမည်ဖြစ်ပါသည်။

သို့ပါ၍ မျက်စိခွဲစိတ်ကုသရန်အတွက် တိုကင်လက်မှတ်အဝါရောင်နှင့် တိုကင်လက်မှတ်အနီရောင်တို့ရရှိထားသော မျက်စိရောဂါဝေဒနာရှင်များသည် မှော်ဘီ ချမ်းမြေ့ရိပ်သာသို့ ၂၀၁၄ ခုနှစ် မေ ၆ ရက် နံနက် ၇ နာရီအရောက် မိမိတို့အစီအစဉ်ဖြင့် လာရောက်ကြရန်ဖြစ်ပါသည်။

မှတ်ချက်။ မျက်စိခွဲစိတ်ကုသခံမည့်ပုဂ္ဂိုလ်များသည် အိပ်ရာလိပ်နှင့် မိမိတို့အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းယူဆောင်လာကြရန် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၆၅၂၅၈၅၊ ၀၁-၆၆၁၄၇၉၊ ၀၉-၇၃၀၁၂၃၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမှုဆောင်များ
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့
(ရန်ကုန်၊ မှော်ဘီ)

အမှားပြင်ဆင်ခြင်း

၂၅-၄-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဆောက်လုပ်ခြင်းလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမနှင့် ဧည့်ရိပ်သာ(၁)ဆောက်လုပ်ခြင်းလုပ်ငန်းများမှ လျှပ်စစ်နှင့် ရေ/သန့်တပ်ဆင်ခြင်းလုပ်ငန်းပစ္စည်းဝယ်ယူရေးအတွက် တင်ဒါလျှောက်လွှာဝယ်ယူရာတွင် ၂၂-၄-၂၀၁၄ရက်မှ ၃၀-၅-၂၀၁၄ ရက်အစား ၂၂-၄-၂၀၁၄ ရက်မှ ၃၀-၄-၂၀၁၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တင်ဒါခေါ်ယူရေးကော်မတီ

အားကစားသတင်းဆောင်းပါးနှင့်ဂျာနယ်ကြော်ငြာ

ပတ်ဆောင်ဟွာအထွက်။ အေဗရာမိုဗစ်အဝင်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် အပြောင်းအလဲတစ်ခုလောဟု အစကတွေးမိခဲ့သည်။ စင်ကာပူလက်ရွေးစင်အသင်းအား ဆယ်စုနှစ်တစ်ခုလောက် အကောင်းဆုံးဦးဆောင်နိုင်ခဲ့သော အေဗရာမိုဗစ်၏ လုပ်ဆောင်နိုင်အားအပေါ် အထင်ကြီးစိတ်ဖြင့် ထိုသို့တွေးဆခဲ့ခြင်းလည်း ဖြစ်သကဲ့သို့ ထိုသို့တွေးဆခဲ့သည့်အတိုင်းပင် အေဗရာမိုဗစ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် အပြောင်းအလဲတစ်ခု ရောက်ပြီး မကြာမီဆိုသလိုပင် အကောင်အထည်ဖော်ပြခဲ့သည်။ သို့သော် ထိုအပြောင်းအလဲသည် အလုံးစုံကျေနပ်မှုကိုပေးနိုင်သော အပြောင်းအလဲမျိုးတော့မဟုတ်။ မြန်မာဘောလုံးလောကတစ်ခုလုံးနှင့် မြန်မာပရိသတ်၏စိတ်ဝယ် ဝိရောဓိဖြစ်လောက်စရာ အပြောင်းအလဲတစ်ခုဖြစ်လာသည်ကတော့ အတွေးများကို ပွားစေခဲ့သည်။

လင်းဆက်

မြင်တာလေးတော့ ပြောချင်မိတယ် – ၂

ဆိုရသော်လာမည့် မေလ၌ မော်လဒိုက်နိုင်ငံတွင် AFC Challenge Cup ပြိုင်ပွဲကို ကျင်းပပေတော့မည်။ အဆိုပါ AFC Challenge Cup ပြိုင်ပွဲဆိုသည်မှာ အာရှတွင်ရှိသော နိုင်ငံတကာပြိုင်ပွဲများအနက် အဆင့်အနိမ့်ဆုံးပြိုင်ပွဲတစ်ရပ် ဖြစ်သည်ကတော့ မှန်သည်။ သို့သော် ထို AFC Challenge Cup ပြိုင်ပွဲသည် ၂၀၁၄ ခုနှစ်အတွက် မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်သည်။ နည်းပြအေဗရာမိုဗစ်အတွက်လည်း မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်ပြီးသည့်နောက် ပထမဆုံးအကြိမ် ပွဲထွက်ရမည့်ပြိုင်ပွဲဖြစ်သည်။

ပြောချင်သည်မှာ ပထမဆိုသော ခြေလှမ်းများ၏ နောက်ကွယ်တွင် စောင့်ကြည့်မှုများစွာရှိသည်။ အထူးသဖြင့် နည်းပြပြောင်းလဲခြင်းသည် အသင်းတစ်သင်းအတွက် စာမျက်နှာသစ်ဖြစ်သည်။ နည်းဗျူဟာပိုင်းမှစ၍ ကစားသမားရွေးချယ်မှုအဆုံး နည်းပြအပြောင်းအလဲ၏နောက်တွင် ကပ်၍ပါလာမည့် ရှောင်လွှဲ၍မရသော ပြောင်းလဲမှုများရှိသည်။ ထို့ကြောင့်ပင် အသင်းတစ်သင်းသည် နည်းပြသစ်လက်ထက်၌ ပထမဆုံးယှဉ်ပြိုင်ရသော ပြိုင်ပွဲတိုင်းတွင် ယခင်ကထက်ပို၍ စောင့်ကြည့်ခြင်းခံရသကဲ့သို့ အဆိုပါနည်းပြသစ်၏အရည်အသွေးကို သုံးသပ်အကဲဖြတ်ရန်လည်း သူကိုင်တွယ်မည့် ပထမဆုံးပြိုင်ပွဲကို မလွဲမသွေ စောင့်ကြည့်ကြပေမည်။

ဆိုချင်သည်မှာ ပြိုင်ပွဲတစ်ပွဲသည် ပြိုင်ပွဲကြီးတစ်ရပ်မဟုတ်ဘဲ ပြိုင်ပွဲငယ်တစ်ခုဖြစ်နေသည့်တိုင် နည်းပြအပြောင်းအလဲ ပြုလုပ်ထားသော အသင်းတစ်သင်းအနေဖြင့် အသင်းအတွက်ရော နည်းပြအတွက်ပါ အရေးပါလှသည်။ အဓိပ္ပာယ်မှာ နည်းပြအပြောင်းအလဲ ပြုလုပ်ထားသော အသင်းတစ်သင်းသည် ပွဲဦးထွက်ပြိုင်ပွဲ၌ အောင်မြင်မှုမရသည့်တိုင် လက်သင့်ခံနိုင်လောက်သော အခြေအနေတစ်ရပ်ကို ချပြနိုင်ပါမှ အဆိုပါအသင်းနှင့် အဆိုပါနည်းပြတို့၏ပေါင်းစည်းမှုကို ပရိသတ်က ကျေနပ်လက်ခံမည်။ ကစားသမားများကလည်း အဆိုပါနည်းပြ၏ အရည်အသွေးကို လက်ခံပေးမည်ဖြစ်ရာ ဆက်လျှောက်ရမည့်လမ်းသည် ပို၍ ချောမွေ့နိုင်ပေလိမ့်မည်။ ထိုသို့မဟုတ်ပါက အစ၌ပင် ယုံကြည်မှုပျောက်ဆုံးကာ ဝေဖန်ထိုးနှက်မှုများကို ရင်ဆိုင်ခံရမည်ဖြစ်၍ လုပ်ရကိုင်ရပိုခက်သွားပေလိမ့်မည်။

အထူးသဖြင့် မြန်မာ့လက်ရွေးစင်အသင်းရော မြန်မာယူ-၂၃ အသင်းပါ ပြီးခဲ့သည့်နှစ်များအတွင်း အောင်မြင်မှုများနှင့်လွဲချော်ခဲ့ရသည်။ ၂၀၁၂ ခုနှစ် ဆူဇူကီးပြိုင်ပွဲတွင်ရော ၂၀၁၃ အိမ်ရှင်ဆီးဂိမ်းပြိုင်ပွဲများ၌ မြန်မာ့လက်ရွေးစင်အသင်းရော မြန်မာယူ-၂၃ အသင်းတို့ပါ အုပ်စုမှ ထွက်ခဲ့ကြရသည်။ ထို့ကြောင့် ယခုကဲ့သို့ နည်းပြလဲလိုက်ချိန်တွင် အားလုံး၏ရင်ထဲ၌ မျှော်လင့်ချက်များ တစ်စွန်းတစ်စ ကိန်းဝပ်လျက်ရှိကြသည်။ မိမိအသင်းကို ပြန်လည်အောင်မြင်လိုသော စိတ်ဆန္ဒပြင်းပြသည်နှင့်အမျှ အေဗရာမိုဗစ် လက်ထက် မြန်မာ့လက်ရွေးစင်အသင်း၏ ပကတိအနေအထားကို စောင့်ကြည့်လျက်ရှိကြသည်ဖြစ်ရာ ပွဲဦးထွက်တွင် ကျေနပ်လောက်သော အခြေအနေတစ်ရပ်ဖြစ်မလာပါက အေဗရာမိုဗစ် ဆက်လျှောက်ရမည့်လမ်းသည် ဖိအားများနှင့် ကြမ်းရှသွားနိုင်သည်။ ပရိသတ်၏ စိတ်ဝင်စားမှု၊ အားလုံး၏ မျှော်လင့်မှုတို့ကို အနိမ့်ဆုံးအဆင့်အထိပင် ဆွဲချနိုင်ပေလိမ့်မည်။ ထို့ကြောင့် AFC Challenge Cup ပြိုင်ပွဲမှာ ပြိုင်ပွဲငယ်တစ်ရပ်သာဖြစ်သော်လည်း အေဗရာမိုဗစ်အတွက် အရေးကြီးသည်။ အသင်းအတွက်ရော ပရိသတ်အတွက်ပါ အရေးကြီးပေသည်။

သို့သော် ထိုသို့သောအခြေအနေမျိုးတွင် အေဗရာမိုဗစ်သည် ပြောခဲ့ပြီးသကဲ့သို့ ဝိရောဓိဖြစ်ဖွယ် အပြောင်းအလဲတစ်ခုကို ချပြခဲ့သည်။ ထိုအချက်မှာ အခြားမဟုတ်။ AFC Challenge Cup ပြိုင်ပွဲဝင်ရန် အေဗရာမိုဗစ် ရွေးချယ်ခဲ့သော ပဏာမလူစာရင်းပင်ဖြစ်သည်။ ဆိုရသော် လူရွေးချယ်မှုမှာ နည်းပြ၏ စိတ်ကြိုက်နှင့် အခြေခံသော အလုပ်တစ်ခုသာဖြစ်သည်။ မည်သူမှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိ။ မည်သူပါသည်ဖြစ်စေ၊ မည်သူမပါသည်ဖြစ်စေ သူရွေးချယ်သော လူစာရင်းနှင့်ပင် အောင်မြင်အောင် လုပ်ဆောင်ရန်မှာ နည်းပြတစ်ဦး၏ တာဝန်သာဖြစ်သည်။ သို့သော် အကြံပြုခြင်း၊ ထောက်ပြခြင်းများကိုမူ လုပ်ဆောင်နိုင်သည်။ စေတနာကောင်းဖြင့် ထုတ်နုတ်ပြနိုင်သည်။

ဆိုရလျှင် အေဗရာမိုဗစ် ရွေးချယ်ထားသော ပဏာမလူစာရင်းတွင် မြန်မာအသင်း၏ လက်ရှိ ဒေါက်တိုင်ကစားသမားအချို့ မပါဝင်ခြင်းမှာ စိုးရိမ်စိတ်ကို မြင့်တက်စေသည်။ အေဗရာမိုဗစ်၏ ပဏာမလူစာရင်းတွင် လက်ရွေးစင်အသင်းနှင့် ဝေးကွာနေသော ကစားသမားဟောင်းအချို့ ပါဝင်သကဲ့သို့ လက်ရွေးစင်လုံးဝမဖြစ်ဖူးသေးသော နုနယ်သည့်အတွေ့အကြုံသာ ပိုင်ဆိုင်ထားသူများလည်း ပါဝင်နေသည်။ သူ့ရွေးချယ်မှုတွင် ကမ္ဘောဇတိုက်စစ်မှူး စိုးမင်းဦး၊ ဆောက်သမ်းဂိုးသမား ပြည့်ဖြိုးအောင်၊ ရန်ကုန်တောင်ပံတိုက်စစ်မှူး ကြည်လင်းတို့မပါပေ။ ထို့အပြင် မြန်မာယူ -၂၃ အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းကိုလည်း ယခင်က မရွေးခဲ့။ နောက်ပိုင်းတွင် ရန်အောင်ဝင်း၊ ထူးထူးအောင်၊ ဟိန်းသီဟဇော်တို့ ထပ်မံရွေးချယ်ပြီး ပီရတ်အသင်းမှ ပြန်ရောက်လာသော ကျော်ဇေယျာဝင်းကို ရွေးချယ်ရန် စီစဉ်မှုများ ပြုလုပ်နေသည်ဟု သိရသည်။ မည်သို့ဖြစ်လာမည်နည်း။

ပြောရမည်ဆိုလျှင် အဆိုပါ ပဏာမလူစာရင်းကို အေဗရာမိုဗစ်အနေဖြင့် မည်သို့သောအတွေး၊ မည်သို့သော အယူအဆနှင့် ရွေးသနည်းဆိုသည်ကို မည်သို့မျှမသိနိုင်။ စိုးမင်းဦးကို မည်သည့်အတွက်ကြောင့် ချန်လှပ်ခဲ့သနည်း။ ကျော်ဇေယျာဝင်းကို နောက်မှထပ်မံရွေးချယ်ရန် ဆုံးဖြတ်သနည်းဆိုသည်ကိုလည်း မည်သို့မျှ မသိနိုင်။ ပြည့်ဖြိုးအောင်နှင့်ကြည်လင်းတို့ကတော့ ဒဏ်ရာဆိုသည့် အချက်ရှိသည်။ ပြီးခဲ့သည့် ဧပြီ ၂၃ ရက်က ပြုလုပ်ခဲ့သော လေ့ကျင့်မှုအစီအစဉ်များအပြီးတွင်မူ အေဗရာမိုဗစ်က ဝါရင့်ကစားသမားများအား မရွေးချယ်ခြင်းမှာ သူ၏ နည်းဗျူဟာနှင့် အံမဝင်၍ဖြစ်သကဲ့သို့ လက်ရှိရွေးချယ်ထားသူများမှာ သူ၏ စိတ်ကြိုက်ကစားသမားများသာ ဖြစ်သည်ဟု ပြောသွားခဲ့၍ အားလုံး စောဒကတက်ပိုင်ခွင့်မရှိတော့ပေ။

သို့သော် ပြောခဲ့ပြီးသကဲ့သို့ AFC Challenge Cup ပြိုင်ပွဲသည် ပြိုင်ပွဲငယ်တစ်ခုဖြစ်သော်လည်း အေဗရာမိုဗစ်အတွက် ပွဲဦးထွက်ဖြစ်၍ အရေးပါသည်။ ရှေ့ပိုင်းနှစ်များက အောင်မြင်မှုများနှင့်လွဲခဲ့ပြီး အိမ်ရှင်ဆီးဂိမ်းပြိုင်ပွဲ၌ပင် အုပ်စုမှထွက်ခဲ့ရသော အခြေအနေများအရ ပရိသတ်၏ မျှော်လင့်စိတ်အတွက်လည်း အရေးပါသည်။

စာမျက်နှာ ၁၉ သို့

ပွဲဦးထွက်တွင် ကျေနပ်လောက်သော အခြေအနေတစ်ရပ် ဖြစ်မလာပါက အေဗရာမိုဗစ် ဆက်လျှောက်ရမည့်လမ်းသည် ဖိအားများနှင့် ကြမ်းရှသွားနိုင်သည်။ ပရိသတ်၏ စိတ်ဝင်စားမှု၊ အားလုံး၏မျှော်လင့်မှုတို့ကို အနိမ့်ဆုံးအဆင့်အထိပင် ဆွဲချနိုင်ပေလိမ့်မည်။ ထို့ကြောင့် AFC Challenge Cup ပြိုင်ပွဲမှာ ပြိုင်ပွဲငယ်တစ်ရပ်သာ ဖြစ်သော်လည်း အေဗရာမိုဗစ်အတွက် အရေးကြီး . . .

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့၏ ပထမအကြိမ် အဘိဓမ္မာသင်တန်းဖွင့်လှစ်မည်

ဖွင့်လှစ်မည့်သင်တန်း	- အဘိဓမ္မာရိုးရိုး(သင်တန်း)
သင်တန်းဖွင့်လှစ်မည့်ရက်	- ၂၀၁၄ ခုနှစ် မေ ၃ ရက် (စနေနေ့)
သင်တန်းဖွင့်လှစ်မည့်နေရာ	- ရွှေဘုန်းပွင့်စေတီတော် ဓမ္မသာလာ၊ (သုံးထပ်ဓမ္မာရုံ)
သင်တန်းချိန်	- စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၁း၃၀ နာရီအထိ

သင်တန်းတက်ရောက်လိုသူများ ၃၀-၄-၂၀၁၄ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဓာတ်ပုံနှစ်ပုံနှင့်အတူ ဂေါပကအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၅၅၉၂(8H/5592)၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃င/၂၆၃၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မကွေးခရိုင်တရားရုံး နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၃ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် -၇ ။

ရွှေခြသေ့်အဆင့်မြင့်စိုက်ပျိုးရေး **နှင့်** ဦးဝေယံမင်း
စွမ်းအားစုကုမ္ပဏီလီမိတက်
(ကုမ္ပဏီဒါရိုက်တာအဖွဲ့မှ တာဝန်ပေးသူ
ဦးမောင်မောင်တာ)
ဒီကရီအနိုင်ရသူ **တရားရှုံး**

မြို့သစ်မြို့နယ်၊ အလက ကျောင်းမြောက်ဘက်လမ်း၊ ကွက်သစ်ရပ် ဦးဝေယံမင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၃တွင် တရားနိုင်ရရှိသည့် အနိုင်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၁၄ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဧပြီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးဌေးကြည်)
ခရိုင်တရားသူကြီး
မကွေးခရိုင်တရားရုံး

ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)
၁၉၈၃-၁၉၈၄ ခုနှစ် ဓာတုဗေဒကျောင်းသား ကျောင်းသူဟောင်းများမိတ်ဆုံစားပွဲ

